
# စက်မှုအလင်း ဂျာနယ်

*Beacon of Industry*

အတွဲ ၁ ၊ အမှတ် ၁၄ ၊ ၂၀၁၆ ခုနှစ် ၊ ဒီဇင်ဘာလ ၃၁ ရက်    www.industry.gov.mm    စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။


## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး

စာ - ၂







## သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေးအဆောက်အဦသစ် မင်္ဂလာပန္နက်တင်

ပြည်သူများ၏
ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ
ဆောင်ရွက်ရာတွင်
အဓိကလိုအပ်ချက်ဖြစ်သော
သွေးကြောသွင်းဆေးရည် ၅ သန်း
ပိုမိုထုတ်လုပ်နိုင်မည်။

စာ - ၃

## စဥ့်ထည်ပစ္စည်းထုတ်လုပ်မှုကဏ္ဍတွင် မိရိုးဖလာမှသည် ပြောင်းလဲမှု Design သစ်ဆီသို့

စာ - ၂၀




## ထောက်ပံ့ကူညီ မြန်မာ SME လုပ်ငန်းများဆီ

စာ - ၆

မျက်နှာဖုံး မှ-

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဒီဇင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်စက်မှုနယ်မြေသို့ရောက်ရှိပြီး ရှုရပ်ရှင်းလင်းဆောင်၌ စက်ရုံမှူးက ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုအခြေအနေ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ စက်ရုံအား International Glass Co.,Ltd. သို့ ငှားရမ်းထားရှိသည့်အကြောင်းကြော်ငြာပေးရန်လိုကြောင်း၊ ဝန်ထမ်းများ ကျန်းမာပျော်ရွှင်စွာ လုပ်ငန်းတာဝန်များထမ်းဆောင်နိုင်ရေး စီမံပေးရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိ မိသားစုလုပ်ငန်းကဲ့သို့



သဘောထား၍ ကြိုးစားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကိုလည်း အလေးထားဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ စက်ရုံငှားရမ်းကုမ္ပဏီအနေဖြင့် ရရှိသည့်အမြတ်အစွန်းများမှ သင့်လျော်သည့်ရာခိုင်နှုန်းဖြင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စရပ်များ ဆောင်ရွက်ပေးရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့ပြီး စက်ရုံအတွင်းရှိမှန်ရည်ကျိုမီးဖို၊ Control Room၊ မှန်အရည်အသွေးစစ်ဆေးရေးဌာန၊ မှန်အနားသွေးနေသည့်အခြေအနေ၊ မှန်အနားဖောင်းသွေးနေသည့်အခြေအနေ၊ အားဖြည့်မှန်ထုတ်လုပ်နေသည့်အခြေအနေ၊ လွှာထပ်မှန်ထုတ်လုပ်နေသည့်အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာနမှ Myanmar Conch Co.,Ltd. သို့ငှားရမ်းထားသည့် အမှတ် (၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်) သို့ရောက်ရှိပြီး ဘိလပ်မြေထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်နှင့်လျှပ်စစ်ထုတ်လုပ်ရေးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို လမ်းညွှန်မှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အဆင့်မြင့်မီးခံအုတ် ထုတ်လုပ်ရေးဌာနသို့ ရောက်ရှိပြီး စက်ရုံအတွင်းအဆင့်မြင့်မီးခံအုတ် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်နှင့် အရည်အသွေးစစ်ဆေးရေးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကုန်ထုတ်လုပ်မှုတစ်ခုတည်းဆောင်ရွက်နေ၍မရဘဲ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ဈေးကွက်ရှာဖွေရမည်ဖြစ်ရာ မိမိထုတ်ကုန်ပစ္စည်းများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ Media များမှတစ်ဆင့် အသိပေးခြင်းများဆောင်ရွက်ရန်လိုကြောင်း၊ ခေတ်နှင့်လျော်ညီသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ရန်နှင့် Customer များမှာယူသည့်ပုံစံအတိုင်း ထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ကုန်ပစ္စည်းများအား သုံးစွဲသူပြည်သူများကြိုက်နှစ်သက်မှ ဈေးကွက်ရရှိမည်ဖြစ်၍ ဈေးနှုန်းချိုသာပြီး အရည်အသွေး ကောင်းမွန်သည့်ပစ္စည်းများ ထုတ်လုပ်ရန်နှင့် တီထွင်ဆန်းသစ်မှုများကို အမြဲတစေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကောင်းစိတ်ဓာတ်မွေးမြူ၍ တာဝန်ကိုတက်တက်ကြွကြွနှင့် ကျေပွန်အောင်ထမ်းဆောင်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

■

အမှတ် (၃၆) အကြီးစားစက်ရုံဝင်းအတွင်း ရဟတ်ယာဉ်ကွင်းတည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ပြည်ထောင်စုဝန်ကြီးက ရဟတ်ယာဉ်ကွင်းအား နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရန်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့်လည်း ညှိနှိုင်းဆောင်ရွက်ရန်၊ ရဟတ်ယာဉ်ကွင်းပတ်ဝန်းကျင်အား သာယာလှပရေးဆောင်ရွက်ထားရန်နှင့် ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ရန်တို့ကို လမ်းညွှန်မှာကြားသည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် International Glass Co.,Ltd. သို့ငှားရမ်းထားသည့် အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) သို့ရောက်ရှိပြီး စက်ရုံခြေအနေ၊ စက်ပစ္စည်းများမွမ်းမံပြင်ဆင်၊ တိုးချဲ့တပ်ဆင်ထားသည့်အခြေအနေ၊ ရဟတ်ယာဉ်ကွင်း တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သည့်မှန်များ ထုတ်လုပ်နိုင်မှသာ ဈေးကွက်တွင်ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ထုတ်လုပ်သည့်မှန်များ၏ အရည်အသွေးကောင်း/မကောင်းကို သုံးစွဲသူပြည်သူများမှဆုံးဖြတ်မည်ဖြစ်ရာ အရည်အသွေးကောင်းမွန်သည့်မှန်များ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ထုတ်လုပ်သည့်မှန်များ အရည်အသွေးကောင်းမွန်မှသာ ဈေးကွက်ဝေစုများများရရှိမည်ဖြစ်ပြီး ရောင်းအားတက်စေရန်



ကျည်ကာမှန်အားပစ်ခတ်မှုဖြင့် စမ်းသပ်ထားစဉ်

## စက်မှုဝန်ကြီး ဦးခင်မောင်ချိုအား ရုရှားနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E.Dr. Nikolay Listopadov သည် ဒီဇင်ဘာလ ၂၆ ရက်နေ့ နံနက် ၉ နာရီခွဲတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် စက်မှုဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ Tyazhpromexport (TPE) ကုမ္ပဏီတို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) ၏စီမံကိန်းလုပ်ငန်းများအမြန်ပြီးစီးရေးအတွက် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များ၊ စီမံကိန်းပြီးစီးပြီးနောက် (Pig Iron) သံစိမ်းများ စဉ်ဆက်မပြတ်ဆက်လက်ထုတ်လုပ်သွားနိုင်ရေးအတွက် ရုရှားနိုင်ငံ၏အထောက်အပံ့နည်းပညာလွှဲပြောင်းပေးနိုင်ရေး၊ ကျွမ်းကျင်ပညာရှင်များစေလွှတ်၍ ဝန်ထမ်းများအားလေ့ကျင့်သင်ကြားပေးနိုင်ရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

မျက်နှာဖုံး မှ-

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေးအဆောက်အဦသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဒီဇင်ဘာလ ၁၈ ရက်နေ့၊ နံနက်ပိုင်း၌ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (ကျောက်ဆည်) ဝင်းအတွင်းရှိ သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေး အဆောက်အဦသစ်ဆောက်လုပ်မည့် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူတို့က သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေး အဆောက်အဦ ဆောက်လုပ်မည့် အခြေအနေနှင့် စက်ပစ္စည်းများတပ်ဆင်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက 'WHO Standard၊ GMP Guide-line များနှင့်အညီ အဆောက်အဦနှင့်စက်ပစ္စည်းများကို တည်ဆောက်တပ်ဆင်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအား အဆင့်မီသောကျန်းမာရေးစောင့်ရှောက်မှု ဖြည့်ဆည်းပေးနိုင်ရန်အတွက် တိုးချဲ့တည်ဆောက်ခြင်းဖြစ်၍ နိုင်ငံတကာစံချိန်စံညွှန်းမီဆေးရည်များ ထုတ်လုပ်ပေးနိုင်ရမည်ဖြစ်ကြောင်း' လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် မင်္ဂလာအချိန်တွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ မန္တလေးတိုင်းဒေသကြီး၊ လှျပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့်တာဝန်ရှိသူတို့က သတ်မှတ်ထားသည့်နေရာများ၌ အဆောက်အဦပန္နက်တိုင်အား စိုက်ထူပေး၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး အခမ်းအနားအောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ် မင်္ဂလာရွှေမိုး၊ ငွေမိုးများ ရွာသွန်းပေးသည်။

အဆိုပါအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ စက်မှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေး အဆောက်အဦသစ် တိုးချဲ့တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သော သွေးကြောသွင်းဆေးရည် ၅ သန်းပိုမိုထုတ်လုပ်နိုင်မည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက D 5 % (DW) (Dextrose 5 % Solution), PS (Sodium Chloride 0.9 % Solution), DPS (Dextrose 5 % & Sodium Chloride 0.9 % solution, $\frac{1}{2}$DPS ( $\frac{1}{2}$Strength Dextrose & Physiological Solution), RL (Ringer Lactate Solution) တို့ကို ထုတ်လုပ်သွားမည်ဖြစ်သည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဆေးဝါးစက်ရုံ (ကျောက်ဆည်) တွင် 500 ml Infusion Bottles တစ်နှစ်လျှင် ၅ သန်းထုတ်လုပ်မည့် Large Volume Parenteral Solution Production New Plant အတွက် အဆောက်အဦသစ်တည်ဆောက်ခြင်းနှင့် စက်ပစ္စည်းလိုင်းသစ် တပ်ဆင်လည်ပတ်နိုင်ရေး လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့် Kyaw Thar Engineering & Con-struction Group Co.,Ltd.၊ ဂျာမနီနိုင်ငံမှ Rieckermann ကုမ္ပဏီတို့နှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့ လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။



လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့်ကုမ္ပဏီတို့နှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့ လက်မှတ်ရေးထိုးလဲလှယ်စဉ်။

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးရှင်းလင်း မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြ

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲနှင့်မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြပွဲကို ဒီဇင်ဘာလ ၂၃ ရက်နေ့နံနက်က နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) ၌ကျင်းပပြုလုပ်ခဲ့သည်။



မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို အစည်းအဝေးခန်းမအတွင်း၌ကျင်းပခဲ့ရာ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က အမှာစကားပြောကြားပြီး ဝန်ကြီးဌာနမှရေးဆွဲပြုစုထားသည့် မီးဘေးလုံခြုံရေးစီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ၊ မီးသတ်ဦးစီးမှူး ဦးမျိုးလှိုင်က မီးသတ်ဦးစီးဌာန၏ရည်မှန်းချက်နှင့်တာဝန်များ၊ မီးဘေးလုံခြုံရေးအတွက် လိုက်နာပြုကျင့်ရမည့်အချက်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ၏သိလိုသည်များကို ရှင်းလင်းဖြေကြားသည်။

'လူတချို့က မော်တော်ကားအကောင်းစားကြီးတွေကို ဈေးကြီးကြီးနဲ့စီးနေကြတယ်။ ကားပေါ်မှာ ပါသင့်၊ ပါထိုက်၊ ပါရမယ့် မီးသတ်ဆေးဘူးကိုကျတော့ ငွေအကုန်ခံလေ့မရှိကြဘူး။ အရေးပေါ်တစ်စုံတစ်ရာဖြစ်ခဲ့ရင် နည်းနည်းလေးငွေကုန်ခံရမှာ နှမြောတာနဲ့တန်ဖိုးကြီးကားတစ်စီးလုံး ဆုံးရှုံးသွားရမှာကို သတိမေ့နေကြတယ်' ဟု ၄င်းကပြောသည်။

'အများနဲ့နေနေကြရတဲ့ ဝန်ထမ်းအိမ်ရာတွေမှာ သွယ်တန်းတပ်ဆင်ထားတဲ့ လျှပ်စစ်ဝိုင်ယာကြိုးတွေက မျက်မြင်လည်းရှိသလို အချို့က မျက်နှာကျက်အပေါ်မှာရှိနေတယ်။ မမြင်နိုင်တဲ့နေရာက ဝိုင်ယာရှော့ဖြစ်လို့ မီးလောင်ခဲ့ရင် သက်ဆိုင်ရာအိမ်ရှင်မှာပဲတာဝန်ရှိပါတယ်။ အဆောက်အဦတွေ စဆောက်တုန်းက တပ်ဆင်ထားတဲ့ဝါယာကြိုးတွေက သူ့အတိုင်းအတာနဲ့သူရှိပါလိမ့်မယ်။ ဒါပေမဲ့ လျှပ်စစ်မီးသုံးစွဲမှုက အလျော့မရှိဘူး။ ပိုသုံးလာတာပဲရှိတော့ ကြိုးတွေရဲ့ခံနိုင်အားက နည်းလာတယ်။ ဒါကြောင့် အကောင်းဆုံးက ရုံးဆင်းချိန်၊ နေအိမ်ပြင်ပသွားချိန်တွေမှာ မိန်းခလုတ်ပိတ်သွားတာအကောင်းဆုံးပါ' ဟု ဝန်ထမ်းတစ်ဦး၏မေးမြန်းချက်ကို ဖြေကြားရာ၌ထည့်သွင်းရှင်းလင်းပြောကြားသည်။

'နေပြည်တော်မှာတော့ အများဆုံးကတောမီးလောင်တာပါ။ လမ်းသွားလမ်းလာတွေ၊ တောထဲမှာထင်းရှာ၊ အရွက်ခူး၊ မှိုချိုးတဲ့သူတွေရဲ့ မဆင်မခြင်ပစ်ထားခဲ့တဲ့ ဆေးလိပ်မီးကတစ်ဆင့်လောင်တဲ့မီးပါ။ ကိုယ့်ရုံး၊ ကိုယ့်ဌာနနဲ့အနီးတဝိုက်မှာ မီးတားလမ်း၊ မီးဖြတ်လမ်းတွေကြိုတင်လုပ်ထားပြီး မီးဘေးလုံခြုံရေးကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုတွေ လုပ်ရပါမယ်' ဟု ၄င်းကဆက်လက်ပြောကြားသည်။

'ကျွန်တော့်အတွေ့အကြုံအရ ရုံးခန်းတစ်ခု မီးလောင်ပြင်မှာမီးသတ်ဆေးဘူးတွေ အလုံး ၂၀ လောက်တွေ့တယ်။ ဒါတွေရှိရက်နဲ့ မီးက ဒီလောက်တောင်လောင်ရသလား။ မီးသတ်ဆေးဘူးနဲ့ ကြိုတင်မငြိမ်းကြဘူးလားဆိုတော့ ငြိမ်းပါတယ်တဲ့။ ဘယ်လိုငြိမ်းသလဲဆိုတော့ မီးလောင်တဲ့နေရာကို မီးသတ်ဆေးဘူးကို အလုံးလိုက်ပစ်ချလိုက်တာတဲ့၊ ပြီးရောဗျာ။ ဒါကြောင့် မီးသတ်ဆေးဘူးကို ဘယ်လိုကိုင်တွယ်အသုံးပြုရမယ်ဆိုတာ လူတိုင်းသိထားသင့်ပါတယ်' ဟု မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူးက မီးသတ်ဆေးဘူးလက်တွေ့ကိုင်တွယ်ပြသရင်း ရှင်းလင်းပြောပြသည်။

ထို့နောက် ဆီမီးငြိမ်းသတ်နည်း၊ ဂက်စ်မီးငြိမ်းသတ်နည်းများကို ဝန်ထမ်းများကိုယ်တိုင်လက်တွေ့ပါဝင်ဆောင်ရွက်စေပြီး ဝန်ကြီးဌာနမှဆောင်ရွက်ထားသည့် မီးဘေးလုံခြုံရေးအစီအမံများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို အကြံပြုခဲ့သည်။

မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့်ဌာနအကြီးအကဲများ၊ ဝန်ထမ်းများ စိတ်ဝင်တစားတက်ရောက်ကြည့်ရှုလေ့လာကြပြီး ပြည်ထောင်စုဝန်ကြီးက မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့သည်။ ထိုနေ့က အဆိုပါမီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲအား စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇) နှင့် (၄၁) တို့တွင်လည်း ပြုလုပ်ခဲ့ကြောင်းသိရသည်။

# စက်မှုဝန်ကြီးဌာန၏
# ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဒုတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ






စက်မှုဝန်ကြီးဌာန၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် ဒုတိယလေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာလ ၂၇ ရက်နေ့က စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပထမအကြိမ်လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စက်ရုံအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းချက်များအပေါ် အချိန်တိုတိုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်မြင့်တက်လာသည်ကို တွေ့ရကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လွှတ်တော်မှစောင့်ကြည့်အကဲဖြတ်လျက်ရှိပြီး၊ မြင့်တက်လာသည့် စွမ်းဆောင်ရည်များကို ဆက်လက်ထိန်းသိမ်းထားရန်နှင့် ယခုညှိနှိုင်းအစည်းအဝေးတွင် လာမည့်ဘဏ္ဍာနှစ်၌ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်း၊ အရှုံးပေါ်နေသည့် စီးပွားရေးလုပ်ငန်းများကို ရေရှည်အကျိုးအမြတ်ရရှိစေရေး ဘက်ပေါင်းစုံမှစဉ်းစားသုံးသပ်၍ အများပြည်သူအကျိုးကိုရှေးရှုပြီး ပုဂ္ဂလိကနှင့်ပူးပေါင်းစီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်လုပ်ပြီးကုန်ချောပစ္စည်းများကိုလည်း ကုန်စင်အောင်ရောင်းချနိုင်ရေး စီမံဆောင်ရွက်ရန်နှင့် ထပ်မံထုတ်လုပ်မည့် စျေးကွက်လိုအပ်သည့် ကုန်ပစ္စည်းအမယ်သစ်များနှင့် ပုံမှန်ထုတ်ကုန်များကိုလည်း အရည်အသွေးကောင်းမွန်စေရန် ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက်တွင် Check Point များထားရှိ၍ စစ်ဆေးရမည့်အပြင် ပိုမိုကောင်းမွန်သည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရေး တီထွင်ကြံဆလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ဆောင်ရွက်ချက်များကို အများပြည်သူသိရှိစေရန် ကြော်ငြာပေးရန်လိုအပ်ပြီး ပြည်သူလူထုလက်တွေ့အကျိုးရှိအောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စျေးကွက်ကိုကျွမ်းကျင်ပိုင်နိုင်စွာ ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် Market Survey၊ Market Research များပြုလုပ်ပြီး စျေးကွက်ကို မျက်ခြေမပြတ်စောင့်ကြည့်လေ့လာ၍ စျေးကွက်ကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုပုံစံဖြစ်ရန်လိုကြောင်း၊ မိမိတို့ထုတ်ကုန်ပစ္စည်းများ စျေးကွက်တွင် ရှင်သန်နိုင်ရေးအတွက်ထုတ်ကုန်အရည်အသွေးသည်လည်း အဓိကကျကြောင်း၊ ထုတ်ကုန်ပစ္စည်းများ၏အရည်အသွေး၊ ဒီဇိုင်းနှင့်ထုတ်လုပ်မှုနည်းစဉ်များကို စနစ်တကျ မှတ်တမ်းထားရှိရန်လိုကြောင်း၊ ထုတ်ကုန်အရည်အသွေးနှင့် ဒီဇိုင်းပုံစံများ တိုးတက်လာစေရန်အတွက် သုတေသနနှင့် တီထွင်ဆန်းသစ်မှုများကို တိုးမြှင့်လုပ်ဆောင်သွားရမည်ဖြစ်ပြီး၊ R & D လုပ်ငန်းများအတွက် ရန်ပုံငွေများကို နှစ်စဉ်လျာထားတောင်းခံသွားရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်အရည်အသွေး တိုးတက်အောင်၊ ထုတ်လုပ်မှုတိုးတက်အောင်၊ ဖန်တီးတီထွင်နိုင်သူများကို အားပေးချီးမြှင့်ရမည်ဖြစ်ကြောင်း၊ ရှေးရိုးစွဲဖြင့် သမားရိုးကျဆောင်ရွက်၍မရဘဲ တီထွင်ဆန်းသစ်မှုများဖြင့် ထုတ်ကုန်ပစ္စည်းအရည်အသွေးနှင့် စွမ်းဆောင်ရည်တိုးတက်အောင် အစဉ်အမြဲကြိုးစားဆောင်ရွက်နေရမည်ဖြစ်ပြီး၊ အမြတ်အစွန်းရရှိအောင် ဝန်ထမ်းအားလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိတရားကင်းစွာဖြင့် ရိုးရိုးသားသားဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း၊ ငွေကြေးများသုံးစွဲရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန်လိုအပ်ပြီး ဝန်ထမ်းများ၏ရာထူးအဆင့်အလိုက် ခံစားခွင့်ရှိသောအခွင့်အရေးများ တန်းတူခံစားခွင့်ရရှိစေရန် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများစိတ်ပျော်ရွှင်မှသာ လုပ်ငန်းများ အောင်မြင်မည်ဖြစ်၍ မိသားစုကဲ့သို့သဘောထားဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံများအနေဖြင့် အသုံးစရိတ်များခြိုးခြံချွေတာ၍ အလေအလွင့်မရှိအောင် စီမံဆောင်ရွက်ပြီး၊ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် Time Line နှင့်တကွ Action Plan ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံတစ်ရုံတွင် ထုတ်ကုန်ပစ္စည်းအမယ်သစ်အနည်းဆုံး ၂ မျိုး တီထွင်ဆန်းသစ်ထုတ်လုပ်ကြရန်နှင့် ပြည်သူလူထုအတွက် အကျိုးပြုမည့်ပစ္စည်းများကို စျေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာရှေ့ထား၍ ဆောင်ရွက်ရန်လိုကြောင်း၊ တီထွင်မှုပြုလုပ်တိုင်း အခက်အခဲနှင့်စိန်ခေါ်မှုများ တွေ့ကြုံရမည်ဖြစ်၍ မဆုတ်သောလုံ့လဖြင့် အောင်မြင်သည်အထိ ကြိုးစားဆောင်ရွက်ကြရန်နှင့် တီထွင်ဖန်တီးမှုများကို မှတ်တမ်းတင်ထားရှိရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်နေမှုများ၊ အာဆီယံအသိုက်အဝန်း အကောင်အထည်ဖော်ရေးအစီအစဉ်အရ စက်မှုထုတ်ကုန်ပစ္စည်းများ စံချိန်စံညွှန်းသတ်မှတ်နိုင်ရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စက်မှုသင်တန်းကျောင်းများမှ ကျွမ်းကျင်လုပ်သားများအား လက်တွေ့လုပ်ငန်းခွင်တွင် အမှန်တကယ်အသုံးဝင်သော လုပ်သားကောင်းများအဖြစ် မွေးထုတ်ပေးလျက်ရှိသည့် အခြေအနေနှင့် တိုးချဲ့ဖွင့်လှစ်မည့်သင်တန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ စက်ရုံ/အလုပ်ရုံများမှစက်ရုံမှူးများက လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများနှင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လျာထားလုပ်ငန်းအစီအမံများကိုလည်းကောင်း၊ ဦးဆောင်ညွှန်ကြားရေးမှူးများက လုပ်ငန်းတစ်ခုချင်းစီအလိုက် စီးပွားရေးအရ အရှုံးအမြတ်အခြေအနေ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့်အခြေအနေအရပ်ရပ်တို့ကို သုံးသပ်တင်ပြဆွေးနွေးကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စက်မှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးမှူးများ၊ စက်မှုသင်တန်းကျောင်းများမှကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ၂ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ကြောင်းသတင်းရရှိသည်။

■

**‘စျေးကွက်ကို ကျွမ်းကျင်ပိုင်နိုင်စွာ ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် Market Survey၊ Market Research များပြုလုပ်ပြီး စျေးကွက်ကို မျက်ခြေမပြတ်စောင့်ကြည့်လေ့လာ၍ စျေးကွက်ကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုပုံစံဖြစ်ရန်လိုကြောင်း’**

# Occupational Safety and Health (OSH) in Myanmar Training of Trainers on Work Improvements in Small Enterprises (WISE) သင်တန်းဖွင့်




စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် International Labour Organization (ILO) အဖွဲ့အစည်းတို့ပူးပေါင်း၍ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အတွက် SME ဌာနမှ ဝန်ထမ်းများအား 'Occupational Safety and Health (OSH) in Myanmar Training of Trainers on Work Improvements in Small Enterprises (WISE)' သင်တန်းကို အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ အမှတ် (၃၅-ဘီ/၁၅)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဒီဇင်ဘာလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူမူအေးနှင့် International Labour Organization (ILO) အဖွဲ့အစည်းမှ Deputy Liaison Officer, Ms. Piyamal Pichaiwongse တို့က အမှာစကားများ ပြောကြားကြသည်။

အဆိုပါသင်တန်းကို ပြည်တွင်းရှိ SMEs လုပ်ငန်းရှင်များအနေဖြင့် ဘေးကင်းလုံခြုံစိတ်ချသည့်လုပ်ငန်းခွင်ကိုဖန်တီးပြီး အလုပ်သမားများအား ပျော်ရွှင်ကျန်းမာ၍ လုပ်ငန်းခွင်အတွင်း ရေရှည်တာဝန်ထမ်းစေခြင်းဖြင့် ထုတ်လုပ်မှုစွမ်းအားမြှင့်တင်နိုင်ရန်အတွက် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၏တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ခရိုင်များတွင် တာဝန်ထမ်းဆောင်နေသည့် အရာထမ်းများနှင့်ဝန်ထမ်းများက မိမိတို့သင်ကြားခဲ့သည်များကို ပြန်လည်ထပ်ဆင့်သင်ကြားပေးနိုင်ရန်ရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းကာလ ၃ ရက်အတွင်း ကိုရီးယားနိုင်ငံမှသင်တန်းဆရာ Mr.Kim Kyung-Hun က သင်တန်းသားများအား စာတွေ့/လက်တွေ့သင်ကြားပို့ချသည့်အပြင် National Wood Industry Ltd. သစ်သားအချောထည်စက်ရုံသို့ လက်တွေ့ကွင်းဆင်းလေ့လာပြီး၊ စက်ရုံ၏လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များကိုဆွေးနွေးခြင်း၊ သင်ကြားခဲ့သည့် WISE Programme အား ဝန်ထမ်းများအနေဖြင့် ရှေ့ဆက်လက်အကောင်အထည်ဖော်နိုင်မည့် အစီအစဉ်များအား ဆွေးနွေးဆောင်ရွက်ခဲ့သည်။

အဆိုပါသင်တန်းသို့ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ခရိုင်ရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

## ဆေးဝါးစက်ရုံ (အင်းစိန်) မီးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်



နိုင်ငံတော်ပိုင်စက်ရုံများ မီးသတိရှိရေးနှင့်မီးအန္တရာယ်ကြိုတင်ကာကွယ်ရေး ရည်ရွယ်ချက်ဖြင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်) တွင် ဒီဇင်ဘာလ ၁၆ ရက်နေ့၊ နေ့လယ် ၂ နာရီမှ ၃ နာရီအထိ ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနနှင့်စက်ရုံတို့ပူးပေါင်း၍ မီးသတ်ယာဉ် ၂ စီး၊ အင်အား ၂၀၀ ခန့်ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများ ဆွေးနွေးပို့ချခြင်း၊ လက်တွေ့လေ့ကျင့်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။

**NN (BPI)**

## အမှတ် (၃၁) အကြီးစားစက်ရုံ (သရက်) မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်

အမှတ် (၃၁) အကြီးစားစက်ရုံ (သရက်) တွင် ဒီဇင်ဘာလ ၂၃ ရက်နေ့၊ နံနက်က စက်ရုံစုပေါင်းခန်းမရှေ့မြေကွက်၌ စက်ရုံမှူး ဦးအောင်စိုးနိုင်ခေါင်းဆောင်သော ဝန်ထမ်းအင်အား ၂၆၆ ဦးတို့နှင့် သရက်ခရိုင်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးခေါင်းဆောင်သော မီးသတ်ဝန်ထမ်းများပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။



စက်မှုအလင်း ဂျာနယ်
Beacon of Industry Journal

စာတည်းမှူးချုပ်
ဦးကျော်လှိုင်

ဒုတိယစာတည်းမှူးချုပ်
ဦးစည်သူဝင်း

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း
ဦးဟိန်းမင်းဇော

စာမျက်နှာအပြင်အဆင်
ဒေါ်ခင်ဌေးဝင်း၊ ဒေါ်ခင်သီတာမိုး

ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး
ဦးအောင်ကြည်၊ ဦးမင်းထွဋ်ဦး

ထုတ်ဝေသူ
ဦးအောင်စိုးရ
ထုတ်ဝေခြင်းလုပ်ငန်း
အသိအမှတ်ပြုလက်မှတ်အမှတ် – ၀၀၅၀၁

ပုံနှိပ်သူ/ပုံနှိပ်တိုက်
ဦးမောင်မောင်လှ
ရွှေနိုင်ငံ (၀၀၂၉၆)
ရန်ကုန်မြို့
ခေါင်ရေ ၃၇၀၀


ဂျာနယ်တိုက်လိပ်စာ
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း – ၀၆၇ – ၄၀၅၀၅၇
၀၁ – ၂၅၀၆၅၁

E-mail
beaconofindustry@gmail.com

မျက်နှာဖုံး မှ-

## ထောက်ပံ့ကူညီ SME လုပ်ငန်းများဆီ

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံစီးပွားရေး၏အဓိကအသက်သွေးကြောဖြစ်သောကြောင့် SMEs များအား အားပေးကူညီခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားစေရန် အထောက်အပံ့များပေးခြင်းဖြင့် နိုင်ငံတော်၏အနာဂတ်ရေရှည်စီးပွားရေးခိုင်မာစေရန်အတွက် နိုင်ငံတော်အစိုးရမှ SMEs ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်မှန်းပြီး၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း တစ်နှစ်လျှင်အတိုးနှုန်း ၈. ၅ ရာခိုင်နှုန်းဖြင့် SME ချေးငွေ ကျပ် ၃၀ ဘီလီယံကို SMIDB မှတစ်ဆင့် SME လုပ်ငန်းရှင်များသို့ ထုတ်ချေးပေးနိုင်ခဲ့ပါသည်။




**Credit Guarantee Insurance (CGI) စနစ် စတင်အသုံးပြုလာခြင်း**

SME လုပ်ငန်းရှင်များ ချေးငွေရရှိရန်မှာ မရွှေ့မပြောင်းနိုင်သောမြေနှင့် မြေပေါ်ရှိအဆောက်အဦကို အာမခံပစ္စည်းအဖြစ်တင်ပြကြရသဖြင့် အဆိုပါအခက်အခဲများအား ဖြေလျှော့ပေးနိုင်ရန် အပေါင်ပစ္စည်းကိုဦးစားမပေးဘဲ Business Plan ကို အဓိကထားသော ချေးငွေစနစ်ကျင့်သုံးနိုင်ရန်အတွက် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ ဂျပန်နိုင်ငံ Sumitomo Mitsui Banking Corporation (SMBC)၊ CB Bank တို့နှင့်ပူးပေါင်းပြီး Credit Guarantee Insurance (CGI) စနစ်ဖြင့် ချေးငွေရရှိနိုင်ရေးကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

SME လုပ်ငန်းရှင်များအနေဖြင့် မိမိရဲ့မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းတို့ကို အာမခံအဖြစ်ထားရှိ၍ CGI စနစ်ဖြင့် ချေးငွေရယူရန်လည်းကောင်း၊ အာမခံပစ္စည်းပြည့်မီအောင် မပေးနိုင်သည့်လုပ်ငန်းများအနေဖြင့် လိုအပ်သည့်ချေးငွေပမာဏကို CGI စနစ်ဖြင့် ဖြည့်စွက်ချေးငွေရယူရန်လည်းကောင်း၊ အပေါင်ပစ္စည်းမဲ့ Future Business Plan ဖြင့် ချေးငွေရရှိနိုင်ရန်အတွက်လည်းကောင်း CGI စနစ်ကို အသုံးပြုနိုင်ပါသည်။

**CGI စနစ်ဖြင့် ချေးငွေလျှောက်ထားရာတွင် လိုအပ်သောစာရွက်စာတမ်းများမှာ-**

- သက်တမ်း (၂) နှစ်ရှိပြီး စီးပွားရေးလုပ်ငန်း
- ပြီးခဲ့သည့် (၂) နှစ်စာ၏ လုပ်ငန်းဘဏ္ဍာရေးရှင်းတမ်းနှင့် လာမည့်ဘဏ္ဍာရေး ၁ နှစ်စာ ခန့်မှန်းခြေအရှုံးအမြတ်စာရင်း
- SME လုပ်ငန်းရှင်၏အနာဂတ်လုပ်ငန်းစီမံကိန်း (Future Business Plan)
- SME လုပ်ငန်း၏ လစဉ်ဘဏ်စာရင်း (Monthly Bank Statement)
- SME ဖွံ့ဖြိုးတိုးတက်ရေးဌာနမှထုတ်ပေးသည့် SME အသိအမှတ်ပြုထောက်ခံချက်
- လုပ်ငန်းလိုင်စင်၊ လုပ်ငန်းမှတ်ပုံတင်
- အာမခံပစ္စည်းပါလျှင် အာမခံပစ္စည်းပိုင်ဆိုင်မှုစာရွက်စာတမ်းများ

**CB Bank မှ CGI စနစ်ဖြင့် ချေးငွေထုတ်ပေးခြင်းဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**အပေါင်ပစ္စည်းပါရှိလျှင်**

- အတိုးနှုန်း - ၁၃ % (၁ နှစ်ဘဏ်အတိုးနှုန်း) + ၂ % ( ၁ နှစ်စာ ပရီမီယံကြေး)
- ချေးငွေပမာဏ - အာမခံအပေါင်ပစ္စည်းတန်ဖိုးပေါ်မူတည်ပါသည်။
- ချေးငွေသက်တမ်း - (၁) နှစ်

**အပေါင်ပစ္စည်းမပါရှိလျှင်**

- အတိုးနှုန်း - ၁၃ % (၁ နှစ်ဘဏ်အတိုးနှုန်း) + ၃ % (၁ နှစ်စာ ပရီမီယံကြေး)
- ချေးငွေပမာဏ - ကျပ်သိန်း ၂၀၀ (အများဆုံး)

## စာမူနှင့် သတင်းများဖိတ်ခေါ်ပါသည်

စက်မှုအလင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်းအတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ Internet သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသစာမူများ၊ ကြော်ငြာများနှင့် စက်ရုံနယ်မြေအလိုက် သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ beaconofindustry @ gmail. com သို့လည်းကောင်းပေးပို့နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနှင့်လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**စက်မှုအလင်းဂျာနယ်**

- ချေးငွေသက်တမ်း - (၁) နှစ်

**JICA ၏ နှစ်ဆင့်ခံချေးငွေ (Two Step Loan) ဖြင့် SME များအား ပံ့ပိုးခြင်း**

မြန်မာနိုင်ငံရဲ့ SMEs လုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာစေလိုခြင်းနှင့် SMEs လုပ်ငန်းများရဲ့ ငွေကြေးလည်ပတ်မှုအားကောင်းလာစေရန်ရည်ရွယ်လျက် ဂျပန်နိုင်ငံအစိုးရမှမြန်မာနိုင်ငံအစိုးရသို့ ဂျပန်ယန်းသန်း ၅,၀၀၀ ကို ODA Loan အဖြစ်ပံ့ပိုးပေးလျက်ရှိရာ အဆိုပါချေးငွေကို မြန်မာ့စီးပွားရေးဘဏ် (MEB) မှ အောက်ပါရွေးချယ်ထားသော ပုဂ္ဂလိကဘဏ် (Participating Financial Institution) (၆) ခုကတစ်ဆင့် နှစ်ဆင့်ခံချေးငွေ (Two Step Loan) ကို SME လုပ်ငန်းများသို့ တိုးမြှင့်ပံ့ပိုးပေးခြင်းဖြစ်ပါသည်-

- အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ် (SMIDB)
- မြန်မာနိုင်ငံသားများဘဏ် (Myanmar Citizen Bank)
- မြန်မာ့ရှေ့ဆောင်ဘဏ် (Myanmar Apex Bank)
- သမဝါယမဘဏ် (CB Bank)
- ကမ္ဘောဇဘဏ် (KBZ Bank)
- ဧရာဝတီဘဏ် (AYA Bank)

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပထမအကြိမ် Two Step Loan ချေးငွေထုတ်ချေးပေးရာမှာ ဂျပန်ယန်းသန်း ၄၅၄ နှင့်ညီမျှသော မြန်မာငွေကျပ်သန်း ၄,၈၄၀ ကို SMIDB မှတစ်ဆင့် လုပ်ငန်းရှင် ၁၁ ဦးသို့ ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဒုတိယအကြိမ် ဂျပန်ယန်းသန်း ၃,၀၀၀ နှင့်ညီမျှသော မြန်မာငွေကျပ်သန်း ၃၆,၇၅၀ ကိုရွေးချယ်ထားသောဘဏ် ၆ ခုသို့ အညီအမျှခွဲဝေပေးပြီး၊ အဆိုပါဘဏ်များမှ (၃၀. ၁၁. ၂၀၁၆) ရက်နေ့အထိ တိုင်းဒေသကြီး ၆ ခု၊ ပြည်နယ် ၄ ခုတို့မှ SME လုပ်ငန်းရှင် ၁၅၁ ဦးသို့ ငွေကျပ် ၃၀. ၅၈၅ ဘီလီယံ ထုတ်ချေးပေးပြီးဖြစ်ပါသည်။

Two Step Loan ဖြင့် SME များသို့ငွေချေးရာ၌ စက်ပစ္စည်းဝယ်ယူခြင်း၊ စက်ရုံတည်ဆောက်ခြင်း၊ စက်ပစ္စည်းအရည်အသွေးတိုးမြှင့်ခြင်းနှင့် စားသောက်ဆိုင်တိုးချဲ့ဖွင့်လှစ်ခြင်းအစရှိသော Capital Investment တွင် အသုံးပြုရန်ဖြစ်ပြီး၊ ချေးငွေ၏ ၂၀ ရာခိုင်နှုန်းကို Working Capital အတွက်သာအသုံးပြုရပါမည်။

**TSL ချေးငွေထုတ်ပေးခြင်း**

- ဘဏ်အတိုးနှုန်း - ၈. ၅ % (ဘဏ်အတိုးနှုန်း) (မရွှေ့မပြောင်းနိုင်သော အပေါင်ပစ္စည်းဖြင့်)
- အများဆုံးချေးငွေပမာဏ - ကျပ်သိန်း ၅,၀၀၀
- သက်တမ်းကာလ - (၅) နှစ် (အများဆုံး)

**TSL ချေးငွေကို CGI စနစ်ဖြင့် ချေးငွေထုတ်ပေးခြင်း**

- **အပေါင်ပစ္စည်းပါရှိလျှင်** ဘဏ်အတိုးနှုန်း - ၈. ၅ % (၁ နှစ် ဘဏ်အတိုးနှုန်း) + ၂ % (၁ နှစ်စာ ပရီမီယံကြေး)
- **အပေါင်ပစ္စည်းမပါရှိလျှင်** ဘဏ်အတိုးနှုန်း - ၈. ၅ % (၁ နှစ် ဘဏ်အတိုးနှုန်း) + ၃ % (၁ နှစ်စာ ပရီမီယံကြေး)
- ချေးငွေပမာဏ - ကျပ်သိန်း ၂၀၀ (အများဆုံး)

သို့ဖြစ်ပါ၍ မရွှေ့မပြောင်းနိုင်သော မြေနှင့်မြေပေါ်ရှိအဆောက်အဦကို အာမခံပစ္စည်းအဖြစ်မတင်ပြနိုင်ကြတဲ့ SMEs လုပ်ငန်းရှင်များသည် CB Bank မှ CGI စနစ်ဖြင့် ငွေချေးယူနိုင်ပြီး၊ ကုန်ထုတ်လုပ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လိုသော SMEs လုပ်ငန်းများကတော့ JICA ရဲ့ဒုတိယအကြိမ် Two Step Loan ချေးငွေရယူနိုင်တဲ့ အခွင့်အလမ်းများရှိနေပြီဖြစ်ကြောင်း သတင်းစကားပါးလိုက်ပါသည်။

**ခိုင် (စက်မှု)**

# စလစ်ဈေးနှုန်းများ ပြန်လည်မြင့်တက်လာသည့် ရန်ကုန်ကားဈေးကွက်

ရန်ကုန်ကားဈေးကွက်အတွင်း ဒီဇင်ဘာလ ပထမပတ်တွင် စလစ်ဈေးနှုန်းမှာ ကျပ် ၁၀၅ သိန်းဝန်းကျင်မှ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကျပ် ၁၁၇ သိန်းမှ သိန်း ၁၂၀ အထိ စလစ်ဈေးနှုန်းများ မြင့်တက်လာကြောင်းသိရသည်။ ယင်းနှင့်ပတ်သက်ပြီး လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းမှ ယာဉ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးငွေဇံက စလစ်ဈေးက အခုလအစပိုင်းနဲ့ယှဉ်ရင်တက်လာတယ်။ ဈေးကွက်ထဲမှာ ယာဉ်အိုယာဉ်ဟောင်းရှားလာတဲ့အချက်က အဓိကကျတယ်လို့တော့ ပြောလို့ရတယ်။ ဘတ်စ်ကားတွေကို ယာဉ်အိုယာဉ်ဟောင်းအဖြစ်အပ်နှံမယ်ဆိုရင် လူစီးစလစ်ပေးတယ်ဆိုပေမယ့် သတ်မှတ်အစီးရေကို အကုန်မအပ်ကြတဲ့အခါကျတော့ ယာဉ်အိုယာဉ်ဟောင်းစလစ်ကရှားနေတုန်းပဲ။ ဒီတော့ စလစ်ဈေးက ကျဖို့မရှိဘူးဟုပြောသည်။

သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းတွင် ယာဉ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးခင်မောင်ဝင်းက ‘အရောင်းအဝယ်ကတော့ ဒီလအတွင်းမှာ တော်တော်ကောင်းတယ်။ ယာဉ်အိုယာဉ်ဟောင်းရှားပါးလာမှုကြောင့်လည်း ပါသလို၊ ယာဉ်အိုယာဉ်ဟောင်းတွေကိုဝယ်ပြီးတော့ စုထားတဲ့သူတွေလည်းရှိတယ်။ အကြောင်းအရာတစ်ခုတည်းကြောင့်တော့ စလစ်ဈေးတက်လာတယ်လို့တော့ ပြောလို့မရဘူး’ ဟုပြောသည်။ လက်ရှိဈေးကွက်အတွင်းစလစ်ကားများသာမက ဖရီးပါမစ်ကားများပါ အရောင်းအဝယ်ဖြစ်နေပြီး Probox, Belta, Honda Fit စတဲ့ကားများမှာ အရောင်းအဝယ်ပိုမိုဖြစ်နေကြောင်းသိရသည်။

**အောင်ကြည် (ရွှေဘို)**

# အများပိုင်ယာဉ်လိုင်းပါဝင်မည့် ယာဉ်ပိုင်ရှင်များအား ယာဉ်အသစ်ဝယ်ယူရန် ကမ္ဘောဇဘဏ်မှ ချေးငွေထုတ်ပေးမည်

ရန်ကုန်တိုင်းဒေသကြီးအစိုးရက ဦးစီးထူထောင်မည့် အများပိုင်ယာဉ်လိုင်းတွင်ပါဝင်မည့် ယာဉ်ပိုင်ရှင်များအား ယာဉ်အသစ်ဝယ်ယူရန်အတွက် ကမ္ဘောဇဘဏ်မှ ချေးငွေထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းနှင့်ပတ်သက်ပြီး ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများနှင့် ယာဉ်ပိုင်ရှင်များတွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ရာ ချေးငွေရယူမယ့် ယာဉ်ပိုင်ရှင်တွေအတွက် အလုံးစုံမော်တော်ယာဉ်အာမခံထားရှိရမည်ဖြစ်ကြောင်း၊ ဘဏ်ချေးငွေရယူနိုင်မည့် အသေးစိတ်ကိုလည်း မကြာခင်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေထုတ်ချေးရာတွင် သုံးနှစ်အရစ်ကျစနစ်ဖြင့် ကျပ်သိန်း ၁၈၀ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ယာဉ်ဝယ်ယူမည့်သူများသည် ကနဦးပေးသွင်းရမည့် ၂၀ ရာခိုင်နှုန်းနှင့်ဘဏ်ဝန်ဆောင်စရိတ် တစ်ရာခိုင်နှုန်းကိုသာပေးသွင်းရမည်ဖြစ်ကြောင်း၊ ယာဉ်ပိုင်ရှင်များက ၎င်းတို့၏ ယာဉ်ဟောင်းများကိုဖျက်သိမ်းအပ်နှံပြီးနောက် ယာဉ်ဟောင်းအပ်စလစ်နှင့် CNG စလစ်ကို ပြန်လည်တင်သွင်းသည့်ယာဉ်သစ်တွင်အသုံးပြုနိုင်မည်ဖြစ်ပြီး ဘဏ်မှထုတ်ချေးသည့်ငွေကြေးပမာဏသည် လက်ရှိကားပေါက်ဈေးနှင့်တွက်ဆပါက တောင်ကိုရီးယားထုတ် ၂၀၀၇ မော်ဒယ်ဟွန်ဒိုင်းစီးတီးဘတ်စ် ဝယ်ယူတင်သွင်းနိုင်မည်ဖြစ်ကြောင်းသိရသည်။

**သိန်းဟန် (သပြေခင်)**

# ကျေးလက်ဒေသများတွင် ကွန်ပျူတာသင်ကြားပေးမည်

တစ်လလျှင် ကျေးလက်ဒေသရှိ လူဦးရေ ၁၀၀ ကို ကွန်ပျူတာနည်းပညာများ ပို့ချပေးမည်ဖြစ်ကြောင်း ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးမင်းဦးကပြောသည်။

‘ရွာတွေမှာ တက်ချင်တဲ့လူတွေများနေတယ်။ နောက်ပိုင်း ၁၀ တန်းအောင်မှ တက်လို့ရမယ်ဆိုပြီးတော့ ကန့်သတ်လိုက်ရတယ်။ သင်တန်းကလည်း တစ်ကြိမ်မှာ ၁၆ ယောက် ပဲဝင်သင်လို့ရတယ်။ သင်တန်းချိန်ကိုလည်း အချိန်ပြည့်လုပ်ပေးထားတယ်’ ဟု ၎င်းကပြောသည်။

နယ်လှည့်ကွန်ပျူတာနည်းပညာသင်ကြားရေးအစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်ရှိ ကျူတောကျေးရွာအုပ်စု၌ စတင်ခဲ့ပြီး နှစ်လအတွင်းလူဦးရေ ၂၀၀ ကို သင်ကြားပေးနိုင်ခဲ့သည်။

‘အခု ထန်းတပင်မြို့နယ်ထဲက ရိုးလေးရွာထဲမှာ နှစ်လသင်တန်းဆက်ဖွင့်နေပါတယ်’ ဟု ဦးမင်းဦးကပြောသည်။

သင်ကြားမှုအစီအစဉ်သည် တိုင်းဒေသကြီးရှိ ကျေးရွာများကိုသာရည်ရွယ်ထားပြီး ကွန်ပျူတာနည်းပညာ အခြေခံသင်ရိုးညွှန်းတမ်းကို ကွန်ပျူတာပညာရှင်အသင်းက ရေးဆွဲကာ သင်ကြားမှုများကို ကျွမ်းကျင်ဆရာများ ပြန်လည်ခန့်ထား၍ သင်ကြားခြင်းဖြစ်ကြောင်းသိရသည်။

**ချိန်သီး**

# ပုစွန်သားပေါက်ထုတ်လုပ်မှု ၈ နှစ်အတွင်း ၈၀ ရာခိုင်နှုန်းကျဆင်း

**ရန်ဖြိုးသိမ်း**



၂၀၀၈ ခုနှစ် နောက်ပိုင်းမှ စတင်ပြီး ပုစွန်သားပေါက်ထုတ်လုပ်မှုကျဆင်းလာရာ ၂၀၁၆ ခုနှစ်အထိ ၈၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားကြောင်းကို မြန်မာနိုင်ငံပုစွန်မွေးမြူထုတ်လုပ်ရောင်းချသူများအသင်းမှ သိရသည်။

နာဂစ်ဖြစ်ပြီးနောက်ပိုင်း ကျဆင်းနေပြီး ယခင်ကတစ်ကန်ကို ပုစွန်သားပေါက်ကောင်ရေ သိန်း ၁၅၀ လောက်ထွက်ခဲ့ရာ ယခု ၆ သိန်းလောက်သာထွက်တော့မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ပုစွန်မွေးမြူထုတ်လုပ်ရောင်းချရေးအသင်း၏ တွဲဖက်အတွင်းရေးမှူး (၂) ဦးစိုးမြင့်ပြောပြမှုအရသိခဲ့ရပြီး ယင်းသို့ကျဆင်းရခြင်းသည် အစာသုံးစွဲခြင်း၊ မွေးမြူသည့် ရေငန်ပုစွန်သားပေါက်ဝယ်ယူသုံးစွဲခြင်းနှင့် ကုန်ကျစရိတ်မြင့်မားခြင်းတို့အပြင် အခြေခံအဆောက်အဦ လိုအပ်ချက်ကြောင့်ဟု ဦးစိုးမြင့်က ထပ်မံပြောသည်။

ပုစွန်ထုတ်လုပ်မှု ကျဆင်းနေခြင်းကို ပြန်လည်ထူထောင်လာနိုင်ရေးအတွက် ပုစွန်လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့်ဆွေးနွေးရန် စီစဉ်နေကြောင်း ယခင်ကပုစွန်သည် ရွှေခေတ်ဖြစ်ခဲ့သော်လည်း ယခုပုစွန်သားပေါက်ကျဆင်းနေခြင်းသည် ရောဂါကြောင့်ဖြစ်ပြီး သားပေါက်မှာကတည်းက ရောဂါမရှိဖို့အတွက် စနစ်တကျ လုပ်ဆောင်ရမည်ဟုလည်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်၏ပြောပြချက်အရသိရပြီး ပုစွန်လုပ်ငန်းပြန်လည်တိုးတက်လာရေးအတွက် အစိုးရနှင့် လုပ်ငန်းရှင်များ ပူးပေါင်းလုပ်ဆောင်ရန်လိုအပ်ပြီး လက်ရှိမြန်မာနိုင်ငံတွင်လည်း ပြန်လည်ထူထောင်ရေးလုပ်ဆောင်မည့် စီမံချက်မျိုးမရှိခြင်းမှာလည်း အခက်အခဲတစ်မျိုးဖြစ်နေကြောင်း ဆက်လက်ပြောကြားသည်။ မြန်မာနိုင်ငံပုစွန်မွေးမြူထုတ် လုပ်ရောင်းချသူများအသင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ အသင်းဝင် ၈၀ ကျော်ရှိကြောင်း သိရသည်။

■

# မျိုးစေ့အခက်အခဲကြောင့် မုံရွာကြက်သွန်နီစိုက်ပျိုးမှု လျော့နည်းဖွယ်ရှိ

**ရန်ဖြိုးသိမ်း**

ကြက်သွန်နီမျိုးစေ့ အခက်အခဲကြောင့် မုံရွာဒေသတွင် ပုံမှန်နှစ်များထက် ကြက်သွန်နီစိုက်ဧကသုံးပုံတစ်ပုံခန့် လျော့နည်းဖွယ်ရှိကြောင်း မုံရွာဒေသခံကြက်သွန်နီစိုက်တောင်သူများကပြောသည်။

ပြီးခဲ့သည့် အောက်တိုဘာလဆန်းပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့၍ မုံရွာဒေသကြက်သွန်နီစိုက်ခင်းများပျက်စီးခဲ့ပြီး ကြက်သွန်နီမျိုးစေ့ဝယ်ယူ၍ မရအောင်ရှားပါးခဲ့ကာ ဈေးမြင့်တက်သွားခဲ့သည်။

‘အောက်တိုဘာလ မိုးအဆက်မပြတ်ရွာလို့ ကြက်သွန်နီပျိုးထောင်တာ အားလုံးရဲ့ ၇၅ ရာခိုင်နှုန်းလောက်ပျက်စီးသွားတယ်။ နောက်ထပ်နိုဝင်ဘာလအတွင်းမှာ ဒုတိယအကြိမ်ပျိုးထောင်ရတယ်။ ပုံမှန်ကြက်သွန်နီစိုက်ချိန်ထက် တစ်လလောက်နောက်ကျပြီးမှ စိုက်ရတယ်’ ဟု မုံရွာမြို့နယ် မြေနဲကျေးရွာခံ ကြက်သွန်နီစိုက်တောင်သူ ဦးအောင်ထူးကပြောသည်။

နိုဝင်ဘာလအတွင်းမှသာ ပျိုးထောင်နိုင်ခဲ့သည့် ကြက်သွန်နီစိုက်ခင်းများသည် ဒီဇင်ဘာလကုန်ပိုင်းမှသာစိုက်ပျိုးနိုင်မည်ဖြစ်ပြီး ဧပြီလအတွင်း၌ ကြက်သွန်နီများဈေးကွက်သို့ ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် မြေနဲ၊ အောင်သာ၊ ကျွဲရဲ၊ သမန္တာ၊ ခိုးသန်း၊ ကော်လပြ၊ တောင်ပလူ၊ အက်တောစသည့်ကျေးရွာများတွင် ဆောင်းကြက်သွန်စိုက်ခင်းများ အများဆုံးစိုက်ပျိုးလျက်ရှိသည်။

# ညီညွတ်ခြင်းမှ အောင်မြင်ခြင်းဆီသို့


ကျွန်မက အနောက်ပိုင်းတက္ကသိုလ် နေ့တက် (ဒေး) တက်ခါစ၊ ညီမလေး က မူလတန်းတက်ခါစအရွယ်မှာ ဖေကြီးက (ယခင်တုန်းက) ဌာန တစ်ခုမှာ အကြီးအကဲတာဝန်ထမ်း ဆောင်ခဲ့ဖူးသည်။ ရန်ကုန်ကနေ မိုင် ပေါင်းများစွာဝေးကွာသော မြို့နယ် တစ်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်း ဆောင်စဉ်က ညရောက်ရင် မေကြီး နဲ့ညီမလေးမသိအောင် တိတ်တိတ် လေး ခိုးငိုခဲ့ရတဲ့ရက်တွေဆိုရင် မရေ တွက်နိုင်ခဲ့ပါ။

ဘာလို့လဲဆိုတော့ ကျောင်းမှ ဆက်တက်ခွင့်ရပါ့မလား။ အဝေး သင်ဆိုလဲ ပြောင်းမတက်ချင်ဘူး။ ညီမလေးရဲ့ ပညာရေးကလည်းရှိ သေးသည်။ အိမ်ပိုင်လေးရှိလို့တော် သေးသည်။ ကျန်တဲ့စားဖို့၊ ဝတ်ဖို့၊ ကျန်းမာရေးကိစ္စ ဘာပဲပြောပြော လိုအပ်ချက်တွေ အများပင်ရှိနေပါ သည်။

ဖေကြီးတာဝန်ကျတဲ့ ချင်းတွင်း မြစ်အထက်ပိုင်းရှိ မြို့တစ်မြို့ကို ကျောင်းရက်ရှည်ပိတ်ရက်တွေမှာ ကျွန်မတို့မိသားစု လိုက်နေဖြစ်သည်။ အခမ်းအနားတစ်ခုမှာ ဖေကြီးစကား ပြောရင်း ကြားညှပ်ထည့်ပြောတုန်း က ပုံပြင်လေးကို ပြန်အမှတ်ရနေမိ သည်။ ဤပုံပြင်ကို ကျွန်မ Facebook ပေါ်တွင်လည်း ဖတ်လိုက်ရဖူးသည်။ ရေးသူကိုတော့ ကျွန်မ မမှတ်မိတော့ ပါ။

'ကြွက်ထောင်ချောက်လေး တစ်ခု' အကြောင်း၊ ကြွက်ထောင် ချောက်ဆိုတာကလည်း တန်ဖိုးသိပ် မကြီးပေ။ သို့ပေမယ့် ကြွက်ပေါသည့် မိသားစုမှာ ကြွက်အန္တရာယ်ကင်း အောင် မြို့ဆိုတာကလည်း သွားရ လာရခက်ခဲ၍ ခင်ပွန်းဖြစ်သူက မြို့ ရောက်တုန်း ရွာမှာရှိသည့်မိသားစု အတွက် ကြွက်ထောင်ချောက်လေး တစ်ခုဝယ်ပြီး ပြန်လာခဲ့သည်။

အိမ်ခြံဝင်းထဲသို့ ကြွက်ထောင် ချောက်လေးကိုင်ဝင်လာတဲ့ သခင် ဖြစ်သူကို အိမ်မှာရှိသည့် 'ကြွက်လေး' များက မြင်တော့ထိတ်လန့်စိတ်ပူ သွားသည်။ တစ်ခြံတည်းအတူနေတဲ့ ကြက်ဖကြီးထံပြေးပြီး သတင်းပေး အကူအညီအကြံဉာဏ်တောင်းမိသည်။ ကြက်ဖကြီးကလည်း 'ငါနဲ့မဆိုင်ဘူး' ကြွက်ထောင်ချောက်ဆိုတာ ကြွက် အတွက်ပဲအန္တရာယ်ရှိတယ်လို့ ပြော လွှတ်လိုက်သည်။ နောက်ထပ်တဖန် တစ်ခြံတည်းအတူနေတဲ့ 'ဝက်ကြီး' ထံပြေးပြန်သည်။ ယခင်နည်းအတိုင်း သတင်းပေးအကြံဉာဏ်တောင်းပြန် သည်။ ငါ့နှုတ်သီးညှပ်မိရင်တောင် ခါထုတ်ပစ်ရင်ရတယ်၊ ကြွက်တွေ သာ သတိထားဆိုပြီး သူနှင့်မဆိုင် သလိုနေပြန်သည်။



တစ်ခြံတည်းအတူနေတဲ့ 'နွားကြီး' ဆီ ကြွက်ကလေးပြေးပြန်သည်။ ရန်သူအန္တရာယ်ကို အထင်သေးစွာ နှင့်ပင် သူနှင့်မဆိုင်ကြောင်း ပြော လွှတ်ပြန်သည်။ 'ကြွက်လေးလည်း' သတိအမြဲထားပြီး အထင်သေးနေ၍ မရ ဂရုစိုက်နေရသည်။

တစ်နေ့ခြံရှင်ဇနီးသည် ည ဘက်အမှောင်မှာ (အပေါ့သွားရန်) အိမ်အပြင်အထွက်မှာ ကြွက်ထောင် ချောက်က သံချွန်ကိုနင်းမိပြီး 'စူး' ခနဲနေတာကြောင့် 'ပိုးထိပြီ. . ပိုးထိ ပြီ' လို့ အော်ပြီးမေ့လဲသွားသည်။ မြွေ ကိုက်လိုက်ပြီလို့ အော်သံကြားတာ ကြောင့် ခင်ပွန်းဖြစ်သူရောက်လာပြီး ကြည့်တော့ ခြေဖဝါးမှာသွေးစို့ရာ အပေါက် ၂ ပေါက်တွေ့၍ စိတ်ပူပြီး မြို့ကဆေးရုံသို့ ညတွင်းချင်းပို့ရန် စီစဉ်ရသည်။

လူမမာအားရှိရန် စားသောက်ဖို့ အတွက် ငါနဲ့မဆိုင်ဘူးဆိုတဲ့ 'ကြက်ဖ ကြီး' ကို သတ်ပြီး ဟင်းနှင့်စွပ်ပြုတ် ချက်ယူသွားလေသည်။ တောခလေ့ မို့ လူမမာသတင်းမေးလာသူတွေက များ၊ ခင်ပွန်းသည်က ဇနီးနေမ ကောင်းတော့ အလုပ်မရှိ ဝင်ငွေမရှိ ဆေးဝါးကုသစရိတ်က ရှိသေးတာ ကြောင့် မထူးပါဘူးဆိုပြီး မဆိုင်သလို နေခဲ့တဲ့ 'ဝက်ကြီး' ကိုလည်း (ဟင်း စား) ရောင်းလိုက်ရသည်။

ဇနီးသည်လည်း ဘာမှမဖြစ်၍ ဆေးရုံကဆင်းခဲ့သော်လည်း ရွာဦး ဆရာတော်က 'နင်တို့မိသားစုလေး ကံနိမ့်နေလို့ ဒါနလေးလုပ်ပြီး ကုသိုလ် ဆက်ရတယ်' ပြောတာနဲ့ ဇနီးသည် ၏ကျန်းမာရေးလည်း ကောင်း အောင်၊ မိသားစုအတွက် အားလုံး ကောင်းအောင် အိမ်မှာရှိတဲ့ သား ၂ ယောက်ပါ သာသနာ့ဘောင်သွတ် သွင်းရင်း ဒါနလေးလုပ်ရအောင် အိမ်မှာကျန်တဲ့ နွားကြီးကိုပါရောင်း လိုက်ရလေသည်' တဲ့။

ကျွန်မအဲဒီတုန်းက သိပ်နားမ လည်လိုက်တဲ့ ပုံပြင်ရဲ့ဆိုလိုချက် ပေးချင်တဲ့ Message ကို အခုတော့ သိလိုက်ပြီ။ ဒါ တစ်ဦးကိုတစ်ဦး အထင်သေးခြင်း၊ အချင်းချင်းယုံ ကြည်မှုမရှိခြင်း၊ ကူညီရိုင်းပင်းမှုမရှိ ခြင်း၊ တစ်ခြံထဲအတူနေပေမယ့် စည်း လုံးမှုမရှိခြင်း၊ သတိမမူခြင်း၊ လျှော့ တွက်ခြင်း၊ အချင်းချင်းလေးစားမှု မရှိခြင်း စသည်တို့ကြောင့် 'ငါနဲ့မ ဆိုင်ဘူး' ဟုထင်သောတိရစ္ဆာန်များ သေဆုံးခဲ့ရပြီး အကောင်သေးပေ မယ့် သတိအမြဲရှိတဲ့ ကြွက်ကလေး ကတော့ အသက်ရှင်လျက်ကျန်ရစ်ခဲ့ ပေသည်။

ယခုဆိုလျှင် ၂၀ ရာစု ပင်လုံ ညီလာခံကြီးကျင်းပပြီး၍ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများပြုလုပ်နေချိန်ဖြစ်သည်။ ၂၁ ရာစုပင်လုံညီလာခံကြီးသည် ကျွန်မတို့မြန်မာနိုင်ငံအတွက် တန်ဖိုး ကြီးမြတ်လှပေသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးသည် ပို၍အရေးကြီးလှပေသည်။ မြန်မာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင် ရေးအတွက် 'ငါနဲ့မဆိုင်ဘူး' သဘော မထားဘဲ၊ ကြီးကြီးငယ်ငယ်တိုင်းရင်း သားအားလုံးဒေသမခွဲခြားဘဲ၊ တာဝန် ဝတ္တရားများကို မခွဲခြားဘဲ အားလုံး ပါဝင်ကာစည်းလုံးညီညွတ်စွာဖြင့် ယုံကြည်မှုအခြေခံ၊ ညီညွတ်မှုအခြေခံ ၂၁ ရာစုပင်လုံညီလာခံကြီးမှတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင် မြင်ပါစေ၊ အောင်ပါစေ. . . . .။

**သက်ထားဆု**

## မန္တလေး သရုပ်ဆောင်နှင့်အနုပညာအကယ်ဒမီသင်တန်းကျောင်း ဖွင့်မည်

ရုပ်ရှင်နှင့်ဗီဒီယိုဝါရင့်ဒါရိုက်တာ ဦးစိန်ဝင်း တည်ထောင်သည့် 'မန္တလေးသရုပ်ဆောင်နှင့် အနုပညာအကယ်ဒမီသင်တန်းကျောင်း' ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှစတင် ၍ အမှတ် (၁၅)၊ မနော်ဟရီလမ်းမကြီး၊ ၇၀ × ၇၁ လမ်းကြား၊ မန္တလေးမြို့တွင် ဖွင့်လှစ်မည်ဖြစ် ကြောင်းသိရသည်။

အဆိုပါအနုပညာသင်တန်းကျောင်းတွင် စွယ်စုံရဒါရိုက်တာအကယ်ဒမီ ဦးဝင်းဖေမှ ရုပ်ရှင်အကြံပေးပညာရှင်အဖွဲ့နာယကအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ဒါရိုက်တာအကယ် ဒမီ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်နှင့်ဝါရင့်ဒါရိုက်တာ များ၊ ဝါရင့်သရုပ်ဆောင်များကိုယ်တိုင်ကြီးကြပ် ၍ အခြေခံမှတတ်ကျွမ်းနားလည်သည်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကာ သင်တန်း ကာလအတွင်း လက်တွေ့ရိုက်ကွင်း၊ ရိုက်ချက်များကို ရုပ်မြင်သံကြား (ဖျော်ဖြေရေးကဏ္ဍ) များ တွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ်ကြော်ငြာများ၏ ဖျော်ဖြေရေးအစီအစဉ်များတွင် ပါဝင်သရုပ် ဆောင်နိုင်ရန်လည်း သင်ကြားပို့ချပေးခြင်းနှင့် သင်တန်းပြီးဆုံးပါက ထူးချွန်စွာသရုပ်ဆောင် နိုင်သူများကို ရုပ်မြင်သံကြားတွင်ထုတ်လွှင့်မည့် ဇာတ်လမ်းတို၊ အခန်းဆက်ဇာတ်လမ်းတွဲများ တွင် ပါဝင်သရုပ်ဆောင်နိုင်ရန် စီစဉ်ပေးသွား မည်ဖြစ်ကြောင်း ဒါရိုက်တာဟိန်းစိုးက ပြောကြားသည်။



အနုပညာအကယ်ဒမီသင်တန်းကျောင်း အနေဖြင့် မန္တလေးမြို့နှင့်အထက်မြန်မာနိုင်ငံရှိ အနုပညာဝါသနာရှင်များအား အခြေခံကျွမ်း ကျင်၍ ထူးချွန်သည့်အနုပညာရှင်များ ထွက် ပေါ်လာစေရန်၊ မျိုးဆက်သစ်အနုပညာရှင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်း၊ သရုပ်ဆောင်များနှင့် ကလေးသရုပ်ဆောင်များမွေးထုတ်ရန်၊ ဇာတ် လမ်းတွဲများတွင် လိုအပ်သည့်သရုပ်ဆောင် သစ်များကို ပါဝင်ကူညီအားဖြည့်ရန်ရည်ရွယ် ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် မင်္ဂလာမန္တလေး၌ သင်တန်းကျောင်း မိတ်ဆက်သည့်ပရိုမိုးရှင်းပွဲကို ရုပ်ရှင်သရုပ် ဆောင် ထပ်ဆင့်အကယ်ဒမီရန်အောင်နှင့် အနုပညာရှင်များစွာတို့ဖြင့် ဖျော်ဖြေတင်ဆက် မည်ဖြစ်ကြောင်း သိရှိရသည်။

**အိသူ**

# လွတ်လပ်ရေး၊ လွတ်လပ်ခြင်းနှင့် အမျိုးသားနိုင်ငံရေးစိတ်ဓာတ်

ထိလာမောင်

မြန်မာလူမျိုးတို့သည် လွတ်လပ်မှုကိုမြတ်နိုးတန်ဖိုးထားတတ်ကြပြီး အမျိုးသားနိုင်ငံရေးစိတ်ဓာတ် ထက်သန်ကြသူများဖြစ်ပါသည်။ အမျိုးသားနိုင်ငံရေးစိတ်ဓာတ်ဆိုသည်မှာ မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားအတွက် လိုအပ်ပါကအသက်ကိုပင် မငဲ့ကွက်ဘဲ ပေးဆပ်လိုသော မွန်မြတ်သည့်စိတ်ဓာတ်ကိုခေါ်ပါသည်။ မြန်မာဟူသည် မိမိအမျိုးကိုချစ်သည့်စိတ်၊ ပြည်ထောင်စုကို ချစ်သည့်စိတ်နှင့် မိမိမြေကိုထိပါးလာပါက တစ်လက်မပင် အကျူးကျော်မခံ၊ ကျူးကျော်မှုမှန်သမျှကို အတူတကွတွန်းလှန်ပြီး ဇာတိနှင့်အစဉ်အလာကို ထိန်းသိမ်းကာကွယ်ခဲ့ကြသူများဖြစ်ပါသည်။ ထိုစိတ်ဓာတ်နှင့်အစဉ်အလာကြောင့် နှစ်ပေါင်းထောင်ချီလျက် လွတ်လပ်သောလူမျိုးအဖြစ်နှင့် လွတ်လပ်သည့်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ခဲ့ပါသည်။

မြန်မာတို့သည် မိမိနိုင်ငံအတွင်း မှီတင်းနေထိုင်ရင်း မရှိအတူရှိအတူ၊ ကောင်းတူဆိုးဖက် အတူတကွပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပိုင်ဆိုင်ထားသည့် လူမျိုးဖြစ်သည်။ ကိုယ့်ရေ ကိုယ့်မြေတွင် ကိုယ်ပိုင်အတွေးအခေါ် ခံယူချက်ဖြင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးလျက် ထီးနန်းစိုက်ကာ နေထိုင်လာခဲ့ကြသူများဖြစ်သကဲ့သို့ ကိုယ်ပိုင်ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များစွာကို ပိုင်ဆိုင်ထားကြသူများလည်း ဖြစ်ပါသည်။ တကောင်း၊ သရေခေတ္တရာမှသည် ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ကုန်းဘောင်တိုင်အောင် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ဘုရင် ကိုယ့်အရှင်သခင်နှင့်လွတ်လပ်စွာနေထိုင်လာခဲ့ကြသူများဖြစ်ပါသည်။ အနော်ရထာ၊ ဘုရင့်နောင်နှင့်အလောင်းမင်းတရားတို့လက်ထက်တွင် ပဒေသရာဇ်နိုင်ငံအဆင့်မှ ဧကရာဇ်နိုင်ငံတော်များအဖြစ် ထူထောင်နိုင်ခဲ့ပါသည်။

ထိုသို့ကိုယ့်ထီး၊ ကိုယ့်နန်းဖြင့် လွတ်လပ်စွာနေထိုင်လာရာမှ ၁၉ ရာစုတွင်ပေါ်ပေါက်လာခဲ့သည့် ကိုလိုနီစနစ်ဆိုး၏ အရိပ်ထိုးမှုနှင့် အတူနယ်ချဲ့အင်္ဂလိပ်တို့၏ မတရားကျူးကျော်စစ်ကို ၁၈၂၄ တွင် တစ်ကြိမ်၊ ၁၈၅၂ တွင်တစ်ကြိမ်၊ ၁၈၈၅ တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ်တိုင်တိုင်ခံခဲ့ရပါသည်။ ခေတ်မီလက်နက်များတပ်ဆင်ထားပြီး နည်းပရိယာယ်များလှသည့်ရန်သူကို ရရာလက်နက်ဆွဲကိုင်လျက်ခုခံတွန်းလှန်ခဲ့ကြသော်လည်း အမျိုးသားစည်းလုံးညီညွတ်မှုကို မတည်ဆောက်နိုင်ခဲ့၍ နောက်ဆုံးတွင် ဘုရင်နှင့်မိဖုရားပါတော်မူကာ လွတ်လပ်သောနိုင်ငံအဖြစ်မှ ရွေ့လျား၍ တိုင်းတစ်ပါးလက်အောက်ကျရောက်ခဲ့ရပါသည်။ လွတ်လပ်သောလူမျိုးအဖြစ်မှ ကျွန်ဖြစ်ရခြင်းသည် နာကျည်းဖွယ်အတိတ်ဖြစ်ပါသည်။



အင်္ဂလိပ်-မြန်မာအဘိဓာန်တွင် Independence ကို လွတ်လပ်ခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ အမှီအခိုကင်းခြင်းသည်လည်း လွတ်လပ်ခြင်းသဘောဆောင်ပါသည်။ လူတစ်ဦးချင်း လွတ်လပ်မှုမှသည် မိသားစုအသိုက်အဝန်း၊ ရပ်ကွက်ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်၊ နိုင်ငံတော်စသည်ဖြင့် အဆင့်ဆင့်ရှိပါသည်။ လူတစ်ဦးချင်းစီ၏ လွတ်လပ်မှုကို ထပ်မံခွဲခြားပါက နိုင်ငံတကာလူ့အခွင့်အရေးကြေငြာစာတမ်းပါအချက်များဖြစ်သည့် လူသားတိုင်းမွေးဖွားလာကတည်းက တူညီသောဂုဏ်သိက္ခာနှင့်အခွင့်အရေးရှိခြင်း၊ အသားအရောင်၊ လိင်၊ ကိုးကွယ်သည့်ဘာသာ၊ ကျား၊ မ မရွေးတန်းတူညီမျှဖြစ်ခြင်း၊ အသက်ရှင်လုံခြုံခွင့်ရှိရမည့်အပြင် မည်သူ့ကိုမျှကျွန်အဖြစ်စေခိုင်းခြင်းမပြုရ၊ မတရားနှိပ်စက်ခြင်းမရှိစေရ။ လူတိုင်းတရားဥပဒေရှေ့မှောက်တွင် တန်းတူခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရပါက ဥပဒေအကူအညီရယူခွင့်ရှိခြင်းမှသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များအထိပါဝင်ပါသည်။ လွတ်လပ်ရေးဆုံးရှုံးပြီး သူ့ကျွန်ဘဝကျရောက်ချိန်တွင် ထိုအခွင့်အရေးများအားလုံး ဆုံးရှုံးပြီးဖြစ်ပါသည်။

ယနေ့ကမ္ဘာတွင် လွတ်လပ်၍ အခြားနိုင်ငံတစ်ခုခု၏လက်အောက်ခံနိုင်ငံမဟုတ်သော 'နိုင်ငံတော်' ကို သတ်မှတ်ရာတွင် နယ်နမိတ် (မြေနယ်နမိတ်၊ ရေပြင်၊ လေပိုင်နက်) သတ်သတ်မှတ်မှတ်ရှိခြင်း၊ အမြဲတမ်းနေထိုင်သောနိုင်ငံသားများရှိခြင်း၊ ထိထိရောက်ရောက်ကွပ်ကဲအုပ်ချုပ်နိုင်သောအစိုးရတစ်ရပ်ရှိခြင်း၊ အခြားနိုင်ငံများနှင့်တရားဝင်ဆက်ဆံမှုရှိခြင်းစသည်ဖြင့် ၁၉၃၃ ခုနှစ်၊ မွန်တီနီယိုညီလာခံတွင် ကမ္ဘာ့ကုလသမဂ္ဂမှ စံအင်္ဂါရပ်များအနေဖြင့်ပြဋ္ဌာန်း သတ်မှတ်ထားပါသည်။ နိုင်ငံတော်၊ နိုင်ငံသား၊ အစိုးရနှင့်အချုပ်အခြာအာဏာတို့ပင်ဖြစ်ပါသည်။

စက်မှုတော်လှန်ရေး၏ အကျိုးဆက်ကြောင့် အင်အားကြီးမားလာသော နယ်ချဲ့အင်္ဂလိပ်သည် မြန်မာနိုင်ငံ၏ထွက်ကုန်ဖြစ်သည့် ဆန်စပါး၊ ကျွန်းသစ်၊ ရေနံစသည့် သယံဇာတများကို ဝါးမြိုရန်အကြောင်းအမျိုးမျိုးဖန်တီးလျက် အချုပ်အခြာအာဏာကို ထိပါးသောကျူးကျော်စစ်ပွဲများ ဆင်နွှဲခဲ့ပါသည်။ ၁၈၂၄ မတ်လတွင် ပထမကျူးကျော်စစ်ဖြင့် ရခိုင်နှင့် တနင်္သာရီဒေသများကိုလည်းကောင်း၊ ၁၈၅၂ ဧပြီလတွင် ဒုတိယကျူးကျော်စစ်ဖြင့် ပဲခူးခရိုင်အပါအဝင်အောက်မြန်မာပြည်ကိုလည်းကောင်း၊ ၁၈၈၅ နိုဝင်ဘာလတွင် တတိယအကြိမ်ကျူးကျော်စစ်ဖြင့် အထက်မြန်မာနိုင်ငံအပါအဝင် တစ်နိုင်ငံလုံးကိုသိမ်းယူခဲ့ပါသည်။ ဘုရင်နှင့်မိဖုရားတို့ကိုဖမ်းဆီးခေါ်ဆောင်ခံရခြင်း၏အဆုံး၌ လွတ်လပ်သောမြန်မာနိုင်ငံသည်လည်းကောင်း၊ လွတ်လပ်မှုကိုတန်ဖိုးထားတတ်သော မြန်မာလူမျိုးတို့သည်လည်းကောင်း၊ ထီးကျိုးစည်ပေါက်သူ့ကျွန်ဘဝရောက်ခဲ့ရပါသည်။ ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံအားဗြိတိသျှအင်ပါယာအတွင်းသို့ သွတ်သွင်းခဲ့ခြင်းဖြင့် နှစ်ပေါင်းထောင်ချီကာကြာညောင်းခဲ့သည်။ မြန်မာနိုင်ငံပဒေသရာဇ်စနစ် နိဂုံးချုပ်သွားခဲ့ရပါသည်။

နယ်ချဲ့တို့သည် မြန်မာနိုင်ငံအားသိမ်းယူပြီးချိန်တွင် အိန္ဒိယနိုင်ငံ၏ပြည်နယ်တစ်ခုအဖြစ်သတ်မှတ်ကာ ဒုတိယဘုရင်ခံချုပ်တစ်ဦးဖြင့်ခန့်ထားအုပ်ချုပ်စေခဲ့ပါသည်။ ဗြိတိသျှအင်ပါယာ၏လက်အောက်ခံ အိန္ဒိယနိုင်ငံ၏ပြည်နယ်တစ်ခုသာဖြစ်သဖြင့် ပညာရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ဥပဒေပြုရေးမှသည် ပြည်နယ်တစ်ခု၏ အဆင့်အတန်းသာရခဲ့သဖြင့် များစွာနစ်နာရပါသည်။ ဆန်စပါး၊ ကျောက်မျက်၊ သစ်လုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းရောင်းချ၍ လက်ဝါးကြီးအုပ် အရင်းရှင်စီးပွားရေးသမားများကြီးပွားချမ်းသာလာသလောက် တိုင်းသူပြည်သား လယ်သမား၊ အလုပ်သမားတို့၏ အခြေအနေမှာ ကျွန်သဘောက်နင်းပြားဘဝဖြင့် ဖောင်စီးရင်း ရေငတ်သည့်ပမာဖြစ်ခဲ့ရပါသည်။ ထိုအချိန်က လယ်ယာလုပ်ငန်းခွင်အတွင်း အသုံးချရန်အတွက် ဈေးပေါပေါဖြင့်ရသည့် လယ်ကူလီများ၊ ငွေတိုးချေးစားသည့် ချစ်တီးကုလားများ ခေါ်ဆောင်လာမှုကြောင့် ၎င်းတို့၏အကျိုးအမြတ်တစ်ခုတည်းကြည့်ပြီး အခြားတစ်ပါးသော နိုင်ငံသားများကို ခေါ်ယူခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် ဘာသာရေး၊ လူမျိုးရေးပြဿနာများဖြစ်ပေါ်လာခြင်းမှာသူ့ကျွန်ဖြစ်ခဲ့ရခြင်းအကြောင်းအရင်းတစ်ရပ်သာဖြစ်ခဲ့ပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် ရေရှည်အကျိုးစီးပွားအတွက် ဈေးပေါပေါဖြင့်ရသည့် ပြည်ပလုပ်သားများတင်သွင်း၍ ပြည်တွင်းရှိလုပ်ငန်းများတွင် အသုံးပြုသကဲ့သို့ စစ်ရေး၊ ပညာရေး၊ အုပ်ချုပ်ရေးစသည့် ကဏ္ဍများစွာတွင် မြန်မာလူမျိုးများကိုနေရာမပေးချန်လှပ်ထားကြပါသည်။ နိုင်ငံတစ်ခုတည်ဆောက်ရေးတွင် အဓိကမောင်းနှင်အားဖြစ်သည့် ပညာတတ်လူတန်းစားတစ်ရပ်ထွက်ပေါ်မလာစေရန် ကိုလိုနီကျွန်ပညာရေးဖြင့်နှိပ်ကွပ်ထားခဲ့ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကလကတ္တားတက္ကသိုလ်၏လက်အောက်ခံ ရန်ကုန်ကောလိပ်တစ်ခုတည်းသာထားရှိခဲ့၍ မြန်မာလူမျိုးပညာတတ်ဦးရေမှာ လက်ချိုးရေတွက်နိုင်သည်အထိ နည်းပါးခဲ့ပါသည်။ ရုံးလုပ်ငန်းများတွင် အင်္ဂလိပ်စာကိုသာ အသုံးပြုသဖြင့် မြန်မာစာပေ၊ မြန်မာစကားမှာအနှိမ်ခံဘဝရောက်ခဲ့ပါသည်။ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် တိုင်းရင်းသား လူမျိုးအချင်းချင်း သွေးစည်းညီညွတ်မှု ပျက်ပြားလာခဲ့ပါသည်။ ထိုဂယက်၏ နောက်ဆက်တွဲအဖြစ် လွတ်လပ်ရေးရပြီးမကြာမီ ပြည်တွင်းစစ်မီး တောက်လောင်ခဲ့ပါသည်။ ပြည်တွင်းစစ်ကြောင့် တိုင်းပြည်စီးပွားရေးကျဆင်းခြင်း၊ ပြည်သူအများ ဆင်းရဲဒုက္ခကြုံတွေ့ရခြင်း၊ စစ်ကြောင့် လူ့စွမ်းအားအရင်းအမြစ်များဆုံးရှုံးရခြင်းများ ကြုံတွေ့ရလျက် ယနေ့အချိန်ကာလအထိ

စာမျက်နှာ ၁၀ သို့ -

**စာမျက်နှာ ၉ မှ -**

ထာဝရငြိမ်းချမ်းရေး မတည်ဆောက်နိုင်သည်မှာ သူ့ကျွန်ဖြစ်ရခြင်း၏ နောက်ထပ်အကြောင်းရင်း တစ်ရပ်ပင်ဖြစ်ပါသည်။

မြန်မာတို့အနေဖြင့် ဇာတိသွေး၊ ဇာတိမာန် ထက်သန်သောလူမျိုးများဖြစ်သည့်အားလျော်စွာ သူ့ကျွန်ဘဝရောက်ရချိန်တွင် ရရာလက်နက်ဆွဲကိုင်လျက် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများကို ဆင်နွှဲခဲ့ကြပါသည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရသည် ထိုတော်လှန်ရေးအင်အားစုများအား နှိမ်နင်းရာတွင် မဒရပ်မှအထူးတပ်ရင်းများခေါ်ယူလျက် အပြင်းအထန်နှိပ်ကွပ်ခြင်း၊ တော်လှန်ရေးခေါင်းဆောင်များအား စည်းရုံးသိမ်းသွင်း၍မရလျှင် ဖမ်းဆီးလျက် လူမြင်ကွင်းတွင် ရက်စက်စွာ သတ်ဖြတ်ခြင်းများကြောင့် မြန်မာတိုင်းရင်းသားလူမျိုးတို့၏ အသက်သွေးချွေးတို့နှင့် ရင်းနှီးပေးဆပ်ခဲ့ရသလို ကနဦးအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ အောင်မြင်မှုမရခဲ့ပေ။

နယ်ချဲ့တို့သည် ကိုလိုနီခေတ်အတွင်းမြန်မာတို့အမျိုးသားစိတ်ဓာတ်၊ ဇာတိနှင့်အစဉ်အလာများကို ချိုးနှိမ်ခဲ့ခြင်းကြောင့် အမျိုးသားနိုင်ငံရေးစိတ်ဓာတ်များ ဆိတ်သုဉ်းလျက် အသိဉာဏ် အမှောင်ဖုံးသည့်အခြေအနေသို့ ရောက်ခဲ့ရပါသည်။

ထိုသို့အဖက်ဖက်မှ နှိပ်ကွပ်ပြီး ကျွန်သက်ရှည်ရေးကိုသာ ဦးတည်နေသည့် ကိုလိုနီစနစ်ဆိုး၏ ထမ်းပိုးအောက်မှရုန်းထွက်ကာ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော လူမျိုးပြန်ဖြစ်ရေးဟူသည့် အမျိုးသားရေး ရည်မှန်းချက်သည် ပညာတတ်လူငယ်များအပေါ်ကျရောက်လာပါသည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် အမျိုးဘာသာ၊ သာသနာအတွက် ဆောင်ရွက်ရင်း ဝိုင်အမ်ဘီအေ (ခေါ်) ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကို ၁၉၀၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ဆရာတော်ဦးဥတ္တမ၏ နယ်ချဲ့ဆန့်ကျင်ရေးတရားပွဲများစ၍ ၁၉၂၀ ခုနှစ်တွင် အမျိုးသားတပ်ပေါင်းစုကြီးအသွင်ဖြင့် ဂျီစီဘီအေ အသင်းကြီးဖွဲ့စည်းလျက် နိုင်ငံရေးလှုပ်ရှားမှုအသွင်ကူးပြောင်းကာ နိုင်ငံရေးပါတီအဖြစ်ရပ်တည်လာပါသည်။ ၁၉၃၀ ခုနှစ်တွင် ဒို့ဗမာအစည်းအရုံးကိုဖွဲ့စည်းခဲ့ပြီး လွတ်လပ်ရေး ရည်မှန်းချက်များပိုမိုထက်သန်လာခဲ့ပါသည်။ ပထမကျောင်းသားသပိတ်၊ ဒုတိယကျောင်းသားသပိတ်နှင့် တောင်သူလယ်သမားအရေးတော်ပုံ၊ ရေနံမြေသပိတ်မှသည် ၁၃၀၀ ပြည့် အရေးတော်ပုံများအထိ နယ်ချဲ့ဆန့်ကျင်ရေးတွင် ပြည်သူလူထုပါဝင်ထောက်ခံမှုကို ရယူနိုင်ခဲ့ပါသည်။

သို့သော်လည်း ထိုလှုပ်ရှားမှုများသည် အစိုးရအဖွဲ့အပြောင်းအလဲဖြစ်ရုံသာတတ်နိုင်ပြီး လုံးဝလွတ်လပ်ရေးလိုချင်ပါက နယ်ချဲ့ကိုလက်နက်ကိုင်တိုက်ပွဲဝင်မှရမည်ဟု သိလာသဖြင့် သခင်အောင်ဆန်းဦးဆောင်သောရဲဘော်သုံးကျိပ်တို့ ဂျပန်အကူအညီဖြင့် ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ကြားကာ မြန်မာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ဖွဲ့စည်းခဲ့ပြီး စစ်ကြောင်းကြီး ၄ ကြောင်းဖွဲ့စည်းကာ ဂျပန်တပ်နှင့်အတူ အင်္ဂလိပ်နယ်ချဲ့ကိုတိုက်ထုတ်ရန်အတွက် မြန်မာပြည်တွင်းသို့ဝင်ရောက်ခဲ့ပါသည်။ တဖြည်းဖြည်းအင်အားကောင်းလာသော ဘီအိုင်အေကို ဂျပန်တို့စိုးရိမ်လာသဖြင့် လွတ်လပ်ရေးပေးမည်ဟု အကြောင်းပြဖျက်သိမ်းလျက် ဗမာ့အမျိုးသားတပ်မတော်ဟု ပြင်ဆင်ဖွဲ့စည်းစေပြန်ပါသည်။ ဂျပန်တို့ပေးသည့်လွတ်လပ်ရေးမှာ အတုအယောင်လွတ်လပ်ရေးသာဖြစ်ပြီး ရုပ်သေးရုပ်အစိုးရ၏လက်အောက်တွင် ဂျပန်ကင်ပေတိုင်တပ်များ၏ ရိုင်းပျမှု၊ မထင်လျှင်မထင်သလို ညှင်းဆဲသတ်ဖြတ်မှုများကြောင့် ၁၉၄၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ပီဘီအက်စ် (ခေါ်) မျိုးချစ်ဗမာ့တပ်မတော်ကိုဖွဲ့စည်း၍ ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ပြည်သူလူထုနှင့်အတူ ဆင်နွှဲခဲ့ပါသည်။

ဖက်ဆစ်အောက်မှ လွတ်မြောက်လာသော မြန်မာနိုင်ငံသည်ဒုတိယအကြိမ်ကျွန်ပြုရန်ဝင်ရောက်လာသည့် နယ်ချဲ့အင်္ဂလိပ်နှင့်ဆုံရပြန်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရခြင်းကြောင့် လွတ်လပ်ရေးခရီးလမ်းသည် လှေလှော်ရင်းတက်ကျိုးသည့်ပမာ ဖြစ်လာခဲ့ရပြန်ပါသည်။ လွတ်လပ်ရေးကိုမျက်ခြေအပြတ်မခံ ရည်မှန်းချက်ကြီးမားစွာဖြင့် တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက် လက်ဆင့်ကမ်းလျက်ဆောင်ရွက်နိုင်ခဲ့၍ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံလုံးဝလွတ်လပ်ရေးရရှိခဲ့ပါသည်။ ၁၈၂၄မှ စတင်ရေတွက်လျှင် နှစ်ပေါင်း ၁၂၂ နှစ်သည် လွတ်လပ်ရေးဆုံးရှုံးလျက် ကျွန်သက်ရှည်ခဲ့ရသော သက္ကရာဇ်များပင်ဖြစ်ပါသည်။

လွတ်လပ်ရေးရခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၆၉) နှစ်ပြည့်ပြီဖြစ်ပါသည်။ ဘိုးဘွားမိဘတို့၏ အရင်းအနှီးများစွာပေးဆပ်ပြီးမှ အမွေပေးခဲ့သည့် လွတ်လပ်ရေးအောင်ပန်းသည် တစ်မျိုးသားလုံးနှင့်ဆိုင်သော အဖိုးအနဂ္ဃထိုက်တန်သည့် ရတနာပင်ဖြစ်ပါသည်။ ပြန်လည်မဆုံးရှုံးရန်မှာ အမျိုးသားနိုင်ငံရေးစိတ်ဓာတ်ရှိသည့် နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်ပါသည်။

အချုပ်အားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံသစ်ကို ထူထောင်လျက်ရှိပါသည်။ ကျန်းမာခြင်း၏တန်ဖိုးကို မကျန်းမမာဖြစ်သည့်အခါမှ သိသည်ဆိုသကဲ့သို့လွတ်လပ်ခြင်း၏အရသာကိုလည်း သူ့ကျွန်ဘဝရောက်သည့်အခါတွင် သိခဲ့ကြပြီးဖြစ်ပါသည်။ ကျွန်ဘဝမှလွတ်မြောက်ခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း လွတ်လပ်ရေးရပြီးမကြာမီ ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းစစ်မီးကြောင့် ပြည်သူလူထုအနေဖြင့်လွတ်လပ်ခြင်း၏ အရသာကို ပြည့်ပြည့်ဝဝမခံစားရသေးပါ။ တိုင်းပြည်ငြိမ်းချမ်းပါမှ ပြည်သူလူထုဘဝ သာယာချမ်းမြေ့နိုင်ပါမည်ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းမှု ရရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နည်းလမ်းပေါင်းစုံ အသုံးပြုလျက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံသားအားလုံး အတူတကွပါဝင်ထမ်းရွက်သင့်ပါကြောင်း (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်ရေးသားတင်ပြအပ်ပါသည်။

■

## FMI လေကြောင်းလိုင်းမှ ခရီးစဉ်အသစ် ၄ ခု တိုးချဲ့ပျံသန်း

မြန်မာနိုင်ငံ၏ အဆင့်မြင့်လေကြောင်းလိုင်းဖြစ်သည့် FMI Air Line မှ ပြည်တွင်းခရီးစဉ်အသစ်များအဖြစ် ညောင်ဦး၊ မန္တလေး၊ ဟဲဟိုးနှင့်သံတွဲမြို့များသို့ နေ့စဉ်ပျံသန်းပြေးဆွဲနေပြီဖြစ်ကြောင်း၊ ဒီဇင်ဘာလ ၁၉ ရက်နေ့က ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်အိမ်ရာတွင်ကျင်းပသည့် အဆိုပါခရီးစဉ်သစ် မိတ်ဆက်ပွဲမှသိရသည်။




'ယခုလမှ စတင်ရောက်ရှိလာတဲ့ ATR T2-600 လေယာဉ်နဲ့လုပ်ငန်းတိုးချဲ့မှုအပေါ် အသင့်ဖြစ်နေပါပြီ။ နိုင်ငံခြားသား၊ ခရီးသွားဧည့်သည်များနဲ့ ပြည်တွင်းခရီးသွားလာသူတွေအတွက် ညောင်ဦး၊ မန္တလေး၊ ဟဲဟိုး၊ သံတွဲခရီးစဉ်တွေကို အဓိကထားပြေးဆွဲနေပြီဖြစ်ပါတယ်။ နေပြည်တော်ခရီးစဉ်ကိုတော့ ၁ ရက် ၃ ကြိမ် ပုံမှန်ပြေးဆွဲလျက်ရှိပါတယ်။ ပုံမှန်အားဖြင့် ရန်ကုန်-စစ်တွေခရီးစဉ်အတွက် အမေရိကန် ဒေါ်လာ ၅၅ မှ ၆၅ ဒေါ်လာအထိ သတ်မှတ်ထားပြီး ခရီးသည် Booking တင်တဲ့အချိန်မှာ ဈေးနှုန်းအနည်းငယ်အပြောင်းအလဲရှိနိုင်ပါတယ်။ အများအားဖြင့် FMI Air Line ကို ပြည်တွင်းခရီးသွားတွေအတွက် ဝန်ဆောင်မှုပေးတယ်လို့ထင်နေကြလို့ လက်ရှိကျွန်မတို့လေကြောင်းလိုင်းအနေနဲ့ ပြည်တွင်းခရီးသွားသာမက နိုင်ငံခြားခရီးသွားများအတွက်ပါ စီးနိုင်အောင်စီမံဆောင်ရွက်ထားကြောင်း အသိပေးလိုပါတယ်' ဟု Commercial Drerctor မစုနှင်းကြည်ကပြောသည်။

FMI Air သည် မြန်မာနိုင်ငံအခြေစိုက် ပြည်တွင်းလေကြောင်းလိုင်းဖြစ်ပြီး ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် FMI Air Charter Ltd. အနေဖြင့်စတင်၍ ရန်ကုန်-နေပြည်တော်- ရန်ကုန်ခရီးစဉ်ကို CRJ-200 ဖြင့် နေ့စဉ်ပျံသန်းပြေးဆွဲခဲ့ပြီး၊ ဝန်ထမ်းပေါင်း ၂၀၀ ခန့်ဖြင့် နေပြည်တော်တွင် အခြေစိုက်ထားရှိကြောင်းနှင့်ခရီးသွားများ အဆင်ပြေချောမွေ့ရေးနှင့် လုံခြုံစိတ်ချရရေးအတွက် Safety Standard နှင့်အညီ ပုံမှန်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း လေယာဉ်လက်မှတ်များကို FMI ရုံးခွဲများ၊ FMI မှခန့်အပ်ထားသည့် လက်မှတ်အရောင်းအေဂျင်စီများတွင် လည်းကောင်း www.FMi.com မှလည်းကောင်း ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

**မင်းထွဏ်း**

# လျှပ်စစ်ကျွမ်းကျင်သူများ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ




စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှကြီးမှူး၍ အမှတ် (၃၅) ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ လျှပ်စစ်စစ်ဆေးရေးသင်တန်းခန်းမ၌ အောက်တိုဘာလ ၂၄ ရက်နေ့မှ ဒီဇင်ဘာလ ၁၆ ရက်နေ့အထိ လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၆) ကို ရက်သတ္တပတ် ၈ ပတ်ကြာဖွင့်လှစ်ခဲ့သည်။

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၆) တွင် စက်မှုဝန်ကြီးဌာနမှသင်တန်းသား၊ သင်တန်းသူ ၁၆ ဦး၊ အခြားဝန်ကြီးဌာနမှသင်တန်းသား ၁၄ ဦးနှင့်ပြင်ပမှသင်တန်းသား၊ သင်တန်းသူ ၆၈ ဦး စုစုပေါင်း ၉၈ ဦးတက်ရောက်ခဲ့ကြရာ သင်တန်းကာလအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေးမှအရာထမ်းနှင့် အငြိမ်းစားဆရာကြီးများအပါအဝင် သင်တန်းဆရာ၊ ဆရာမ ၁၅ ဦးနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်မှကထိကဆရာမတစ်ဦး၊ အဆောက်အဦဦးစီးဌာန (လျှပ်စစ်) မှအရာထမ်းတစ်ဦးတို့မှ သင်ကြားပို့ချခဲ့ကြပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှလည်း ဓာတ်လိုက်မှုဖြစ်ပွားပါကရှေးဦးသူနာပြုစုနည်းများကို သင်ကြားပို့ချပေးခဲ့သည်။ ထို့အပြင် သင်တန်းသား၊ သင်တန်းသူများအား လေ့လာရေးခရီးစဉ်အဖြစ် Hitachi Soe Electric and Machinery Co.,Ltd. ၏ထရန်စဖော်မာ ထုတ်လုပ်ပုံအဆင့်ဆင့်ကို သွားရောက်လေ့လာစေခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲကို ဒီဇင်ဘာလ ၁၆ ရက်နေ့၊ နံနက် ၈ နာရီတွင်ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ သင်တန်းသား၊ သင်တန်းသူများအား သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင် လျှပ်စစ်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် နည်းပညာများပိုမိုသိရှိလာစေရန်၊ လျှပ်စစ်လုပ်ငန်းများအား အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်လာနိုင်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းကို တစ်နှစ်လျှင် (၂) ကြိမ်ဖွင့်လှစ်လျက်ရှိရာ ယခုသင်တန်းအပါအဝင် (၃၆) ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၂,၉၂၃ ဦးကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

# ကျိုင်းတုံဟော်နန်းပုံစံတူအဆောက်အအုံ တာချီလိတ်မြို့တွင် တည်ဆောက်မည်

ရှမ်းပြည်နယ်အရှေ့ပိုင်းတာချီလိတ်မြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းက ကျပ်သန်း ၉၀၀ ကျော်ခန့်ကုန်ကျမည့် ကျိုင်းတုံဟော်နန်း (ဟော်လုံစဝ်ဖ) ပုံစံတူအဆောက်အအုံကို တာချီလိတ်မြို့တွင် တည်ဆောက်ရန်စီစဉ်နေကြောင်း သိရသည်။



'ဒီအဆောက်အအုံ တည်ဆောက်ပြီးရင်တော့ ဒီနေရာမှာရှမ်းစာပေတွေသင်ကြားနိုင်ဖို့နဲ့ ထိုင်းနိုင်ငံမှာအလုပ်သွားလုပ်ကြတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ ဒုက္ခရောက်တဲ့အခါ ခေတ္တတည်းခိုနိုင်ဖို့နဲ့ ခန်းမငှားတာတွေကို လုပ်နိုင်အောင်ရည်ရွယ်ထားပါတယ်' ဟု တာချီလိတ်မြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းမှစာရင်းစစ် ဦးစိုင်းမိုင်က ပြောသည်။ ကျိုင်းတုံဟော်နန်းပုံစံတူ အဆောက်အအုံကို အလှူရှင်အကူအညီဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး အလှူငွေမရှိသည့်ကာလများတွင် လုပ်ငန်းဆောင်ရွက်မှုများကို ရပ်တန့်ကာ အလှူရှင်များကို ပြန်လည်ရှာဖွေနေရကြောင်းသိရသည်။

အဆိုပါအဆောက်အအုံကို တာချီလိတ်မြို့ ဆေစမ်းရပ်ကွက်အတွင်းရှိ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းပိုင်မြေနေရာတွင် ၂၀၁၄ ခုနှစ်၌စတင်တည်ဆောက်နေခြင်းဖြစ်သည်။ အဆောက်အအုံ၏ပြင်ပပုံသဏ္ဌာန်ကိုသာ ဟော်နန်းပုံစံတည်ဆောက်ခြင်းဖြစ်သော်လည်း အတွင်းပိုင်းအခန်းဖွဲ့စည်းပုံများမှာ တူညီမည်မဟုတ်ကြောင်း သိရသည်။

**ချိန်သီး**

# မန္တလေးမြို့ ယောမင်းကြီးဈေးသစ်ဆောက်လုပ် ဈေးသည်များအား ပြောင်းရွှေ့နေရာချထား



မန္တလေး အောင်မြေသာစံမြို့နယ်၊ ၂၂ လမ်း၊ ၈၉ လမ်းနှင့် လမ်း ၉၀ ကြားရှိ ယောမင်းကြီး ဦးဖိုးလှိုင်ဗိမာန်နှင့် ရုပ်တုတည်ရှိရာနေရာအနီးတဝိုက်တွင် ဖွင့်လှစ်ထားရှိခဲ့သော ယောမင်းကြီးအခွန်လွတ်ဈေးမှာ သီရိမန္တလာယာဉ်ရပ်နားစခန်းမှ ခရီးသည်တင်ယာဉ်များဝင်/ထွက်သွားလာမှု ယာဉ်ကြောပိတ်ဆို့ကြပ်တည်းလာခြင်း၊ ရှေးဟောင်းသမိုင်းဝင် ယောမင်းကြီးဦးဖိုးလှိုင်ဗိမာန်နှင့် ရုပ်တုနေရာများရှေ့တွင် ပျံ့ကျဈေးဆိုင်များ ပိတ်ဆို့ရောင်းချမှုကြောင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဈေးသစ်ဆောက်လုပ်၍ ပြောင်းရွှေ့နေရာချထားရန်ဆောင်ရွက်ခဲ့သည်။

ယောမင်းကြီးဈေးသစ်နေရာအား အောင်မြေသာစံမြို့နယ်၊ ၂၂ လမ်း၊ သင်္ဂဟချောင်းထိပ်နှင့် ရတနာအိမ်ရာကြား ၂၁၆ ပေ x ၁၀၂ ပေ အကျယ်အဝန်းနေရာတွင်ရွှေးချယ်ခဲ့ပြီး အမိုးပါဆိုင်ခန်း ၁၁၂ ခန်းနှင့်ကွန်ကရစ်ခင်းပြီး အမိုးမပါပျံ့ကျဆိုင်ခန်း ၂၁၅ ခန်း၊ စုစုပေါင်း ၃၂၇ ခန်းပါသော ယောမင်းကြီးဈေးသစ်အား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်ပေးခဲ့သည်။ အဆိုပါဈေးသစ်ကြီးတွင်ရောင်းချနိုင်ရန် အခွန်လွတ်ဈေးမှဈေးသည်များအား ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ပွင့်လင်းမြင်သာစွာစနစ်တကျမဲနှိုက်နေရာချထားပေးခဲ့ပြီး ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ဈေးသစ်စတင်ဖွင့်လှစ်ရာ မန္တလေးမြို့တော်ဝန်နှင့်ဌာနမှူးများ တက်ရောက်အားပေးပြီး၊ ဈေးသူဈေးသားများရောင်းဝယ်နေမှုအားကြည့်ရှုစစ်ဆေး၍ ဈေးသည်များနှင့် ဈေးဝယ်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**သီဟကိုကို (မန္တလေး)**

# ဓာတ်လိုက်မှု ၇၀ ရာခိုင်နှုန်းသည် အသိပညာအားနည်းချက်ကြောင့်ဖြစ်

KH

၂၀၁၆ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအထိ ခုနစ်လတာကာလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဓာတ်လိုက်မှုဖြစ်စဉ် (၈၅) ကြိမ်ဖြစ်ပွားခဲ့ရာ ယင်းအနက်သေဆုံးသူ ၇၈ ဦးရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၁၄ ဦးရှိကြောင်း သိရသည်။

ဓာတ်လိုက်မှုဖြစ်စဉ်များ၏ ၇၀ ရာခိုင်နှုန်းသည် လျှပ်စစ်ဆိုင်ရာလိုက်နာရမည့် အသိပညာများအားနည်းချက်ကြောင့်ဖြစ်ကြောင်း၊ လျှပ်စစ်ပစ္စည်းများ အရည်အသွေးမပြည့်မီခြင်း၊ ဝိုင်ယာကြိုးသွယ်တန်းမှု၊ လျှပ်စစ်ပစ္စည်းတပ်ဆင်မှု မပြည့်စုံခြင်း၊ စနစ်မကျခြင်း၊ သက်တမ်းလွန်ပစ္စည်းများ အသုံးပြုခြင်း၊ ဗို့အားခံနိုင်ရည်ထက်ပိုသုံးခြင်း၊ ပေါ့ဆစွာအသုံးပြုခြင်းတို့ကလည်း ဓာတ်လိုက်မှုအန္တရာယ်ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းများဖြစ်ကြောင်း သိရသည်။

Source: Myanmar Allin

# လက်ရောက်မှု

## မြန်မာနိုင်ငံရာဇသတ်ကြီး

## (Myanmar The Penal Code) ပုဒ်မ ၃၅၁



ဥပဒေသည် ဥပဒေဘွဲ့ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အရွယ်ရောက်သူအမျိုးသား၊ အမျိုးသမီးတိုင်းလေ့လာသိထားအပ်သော ပညာရပ်ဖြစ်ပေသည်။ ပြစ်မှုပြဿနာတစ်စုံတစ်ရာဖြစ်မိကာမှ ဥပဒေကိုမသိရှိလို့ပါဟူသော ဆင်ခြေသည်ပြစ်မှုလွတ်မြောက်ရန် အထောက်အကူမပြုပေ။

အထူးသဖြင့် လူပုဂ္ဂိုလ်တော်တော်များများ လွဲမှားတတ်သည်မှာ လက်ရောက်မှုဖြစ်လေသည်။

ရာဇသတ်ကြီးပုဒ်မ- ၃၅၁ တွင် အောက်ပါအတိုင်း ဖွင့်ဆိုထားလေသည်-

'မည်သူမဆို မိမိရှေ့မှောက်ရှိတစ်ဦးတစ်ယောက်သောသူအား မိမိ၏ကိုယ်အမူအရာဖြင့် သို့တည်းမဟုတ် ပြင်ဆင်မှုဖြင့် ထိုသူအား ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုသုံးစွဲအံ့သည်ကို စိုးရိမ်လောက်အောင် ထိုကိုယ်အမူအရာဖြင့် သို့တည်းမဟုတ် ထိုပြင်ဆင်မှုဖြင့် ဖြစ်စေမည်ဟု ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ကိုယ်အမူအရာကိုသို့တည်းမဟုတ် ပြင်ဆင်မှုကိုပြုလျှင် ထိုသူသည် လက်ရောက်မှုကို ကျူးလွန်သည်မည်၏။

ရှင်းလင်းချက်။ ။ စကားသက်သက်သည် လက်ရောက်မှုမမြောက်၊ သို့ရာတွင် ထိုသူသုံးစွဲသော စကားများသည် ထိုသူ၏ ကိုယ်အမူအရာကို သို့တည်းမဟုတ် ပြင်ဆင်မှုကို လက်ရောက်မှုမြောက်သည့် အဓိပ္ပါယ်သက်ရောက်စေနိုင်သည်'ဟု ဖွင့်ဆိုလေသည်။

ဥပမာများ-

(က) မောင်မဲကို ထိုးအံ့ဟု မောင်မဲယုံကြည်စေရန် ကြံရွယ်၍ဖြစ်စေ၊ ယုံကြည်တန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ၊ မောင်ဖြူသည် မောင်မဲအား လက်သီးဖြင့်ရွယ်၏။ မောင်ဖြူသည် လက်ရောက်မှုကို ကျူးလွန်သည်မည်၏။ (ဖြစ်စေမည်ဟု ကြံရွယ်ကိုယ်အမူအရာပြင်ဆင်မှုကိုပြုလျှင် လက်ရောက်မှု)

( ခ) မောင်မဲကို ခွေးကိုက်စေအံ့ဟု မောင်မဲယုံ ကြည်စေရန် ကြံရွယ်၍ဖြစ်စေ၊ ယုံကြည်တန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ၊ မောင်ဖြူသည် ခွေးဆိုးတစ်ကောင်၏ နှုတ်သီးစွပ်ကို ဖြုတ်စပြု၏။ မောင်ဖြူသည် မောင်မဲကို လက်ရောက်မှုကျူးလွန်သည်မည်၏ (ဖြစ်စေမည်ဟု ကြံရွယ်၍ ပြင်ဆင်မှုကိုပြုလျှင် လက်ရောက်မှု)

( ဂ) 'နင့်ကိုငါရိုက်မည်' ဟု မောင်မဲအားပြောလျက် မောင်ဖြူသည် တုတ်တစ်ချောင်းကို ကောက်ယူ၍ ဤအချက်တွင် မောင်ဖြူပြောသောစကား သက်သက်သည် မည်သည့်နည်းနှင့်မျှ လက်ရောက်မှုမမြောက်၊ ထို့ပြင် ပတ်ဝန်းကျင်ကြောင်းချင်းရာမပါသော မောင်ဖြူ၏ အမူအရာသက်သက်သည်လည်း လက်ရောက်မှုမမြောက်၊ သို့သော်လည်း အထက်ကဆိုခဲ့သော စကားများဖြင့် အဓိပ္ပါယ်ဖော်ထားသော မောင်ဖြူ၏ ကိုယ်အမူအရာမှာကား လက်ရောက်မှုမြောက်နိုင်သည်ဟူ၍ ဖြစ်လေသည်။

တစ်နည်းအားဖြင့် စိုးရိမ်လောက်သောအမူအရာဖြင့်ကြံရွယ်၍ ကိုယ်အမူအရာပြင်ဆင်မှုကိုပြုသော (လက်မရောက်သေးသည့်အမှုသည် လက်ရောက်မှုပင်ဖြစ်လေသည်)

လက်ရောက်မှုများတွင် များသောအားဖြင့်တရားခံသို့တည်းမဟုတ် စွပ်စွဲခံရသူများက ပြောဆိုတတ်ကြသည်မှာ ကျွန်တော့်လက်မှမရောက်သေးဘဲလက်ရောက်မှုမလုပ်ပါဟု ပြောဆိုငြင်းဆိုတတ်ကြလေသည်။ ဤသည်မှာ မဟာအမှားပင်ဖြစ်လေသည်။ ကျွန်တော်ရှေ့က တင်ပြသောဖြစ်စေမည်ဟု ရည်ရွယ်သော လက်မရောက်သေးသည့်အမှုသည် လက်ရောက်မှုဖြစ်လေသည်။

တစ်လောဆီက ကျွန်တော့်ဌာနတွင် ဒု-ကြီးကြပ်ရေးမှူးက လက်အောက်အမှုထမ်းငယ်လေးကို ဘာလုပ်မည်၊ ညာလုပ်မည်ဟု ပြော၍ လက်အမူအရာပြကာ ခြိမ်းခြောက်ပြောဆိုလေ၏။ ထိုသူသည် လက်ရောက်မှုကျူးလွန်ခြင်းပင်ဖြစ်လေသည်။ (ဖြစ်စေမည်ဟု ကြံရွယ်ရန်ကိုယ်အမူအရာပြင်ဆင်မှုကိုပြုခြင်း)

နှစ်ဦးစလုံးက တပည့်များဖြစ်နေ၍ ဖျောင့်ဖျပြောဆိုပြီး ဒု-ကြီးကြပ်ရေးမှူးအား လက်ရောက်မှုဖြင့်အရေးယူရန် ပြင်ဆင်ရလေတော့သည်။ ဤတွင် ပြဿနာတက်လေတော့သည်။

'ဟာ--ဆရာကျွန်တော်က လက်ဖျားနဲ့တောင်မထိတာဘဲ လက်ရောက်မှုမဟုတ်ပါဘူး' ဟုပြန်ပြောလေတော့သည်။ (လက်ရောက်မှုကျူးလွန်သူတိုင်း သိထားသောလူပိန်းအသိဖြစ်လေသည်။)

'ဟုတ်တယ်ဟေ့မောင် ဒါလက်ရောက်မှုပဲ မင်းကမင်းလက်အောက်အမှုထမ်းကို တစ်ခုခုဖြစ်စေမယ်လို့ ကြံရွယ်ချက်နဲ့ကိုယ်အမူအရာပြင်ဆင်မှုကိုပြုတာ အဲဒါလက်ရောက်မှုပဲ' ဟု ပြောရာမဟုတ်ဘူး၊ ဟုတ်တယ်နှင့် ဆရာတပည့်အငြင်းပွားရပြီး ဆရာကပင် အလျှော့ပေးလိုက်ရပြီး၊ အလုပ်ခွင်ငြိမ်းချမ်းသာယာရေးကို ပျက်ပြားစေရန် ပြုလုပ်ခြင်း၊ ဝန်ထမ်းကျင့်ဝတ် ၆ (ဃ) ဖြင့်ပင် စာဖြင့်သတိပေးအရေးယူလိုက်ရလေသည်။

တစ်ခါတစ်ရံထိုကဲ့သို့ ဥပဒေနလဘိန်းတုံးများနှင့်ပြောဆိုငြင်းခုံရသည်မှာ စိတ်ပျက်ဖွယ်ကောင်းလှပေသည်။ ရှေးခေတ်ဆရာများ ဒါကြောင့်ကြိမ်လုံးနှင့် သမတာကိုးဟုပင်ထင်မြင်မိလေသည်။

နားလည်သောဆရာက ရှင်းပြသည်ကို နားမလည်သောတပည့်က အကြောက်အကန်ငြင်းနေသည်မှာကြိမ်လုံးနှင့်ဆော်ဖို့သာကောင်းပေတော့သည်။

အေးဆေးကျမှ မြန်မာနိုင်ငံရာဇသတ်ကြီးစာအုပ်ကို ပြ၍မင်း. . မင်းနားလည်သလိုရှင်းပြစမ်းကွာဆိုမှ တပည့်ကျော်သဘောပေါက်လေတော့သည်။ ဤတော့မှသူ့အမှားဝန်ခံပြီး ကျွန်တော်ကလက်ရောက်မှလက်ရောက်မှုလို့ ထင်တာကိုးဟု မူလတန်းကလေးသဖွယ်ပြောလေတော့သည်။

၎င်းတပည့်မှာ ဆယ်တန်းကို အမှတ် (၄၀၀) ကျော်နှင့်အောင်သော ဘွဲ့ရတစ်ဦးဖြစ်လေသည်။ ထို့ကြောင့် တစ်ခြားမည်သည့်ဘွဲ့ကိုပဲရရ၊ ပါရဂူ၊ ပါမောက္ခများပင်ဖြစ်လင့်ကစားဥပဒေပညာကိုလေ့လာသိရှိထားသင့်ပေသည်။

ဘွဲ့များ၊ ဂုဏ်ထူးကြီးများပင် ရစေကာမူ ဥပဒေပညာကိုတော့လေ့လာထားသင့်ပေသည်။ များများလေ့လာလျှင် များများကောင်းပေသည်။ သို့မဟုတ်ပါက ဥပဒေနားလည်တတ်ကျွမ်းသူများနှင့်ဆွေးနွေးလျှင် အသာအယာနာယူသင့်ပေသည်။ သို့မဟုတ်ဘဲ မသိဘဲ၊ မတတ်ဘဲ ဝင်ရောက်ဆွေးနွေးလျှင် ငြင်းခုံမှုဖြင့်သာ အကျိုးမဲ့၊ အချည်းအနှီးဖြစ်ပေသည်။

အဆင့်မြင့်အရာထမ်း၊ အမှုထမ်းများအနေဖြင့် လက်အောက်ဝန်ထမ်းငယ်များအပေါ် လက်ရောက်မှုမပြုမိစေရန် စေတနာဖြင့်အသေအချာရေးသားတင်ပြအပ်ပေသည်။

**ခက်ဝေ (တိုင်းရော)**

## ဒေါပုံမြို့နယ် သဘော်ကျင်းလမ်းဆုံ၌ လူကူးခုံးကျော်တံတားတစ်စင်း ဆောက်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်သဘော်ကျင်းလမ်းဆုံလမ်းမကျယ်ကြီးတွင် ပြည်သူများ၊ ကုန်သေတ္တာတင်ယာဉ်ကြီးများ၊ ခရီးသည်တင်မော်တော်ယာဉ်များနှင့် မော်တော်ယာဉ်အမျိုးမျိုး စဉ်ဆက်မပြတ်သွားလာနေကြသောကြောင့် လမ်းမကြီး၏တစ်ဖက်ယာဉ်သွားလမ်းမှ အခြားတစ်ဖက်သို့ဖြတ်ကူးရာ၌ အချိန်ကြန့်ကြာမှုများရှိနေပြီး မကြာခဏယာဉ်တိုက်မှုများဖြစ်ပေါ်၍ အသက်ဆုံးရှုံးမှုများလည်းရှိနေသည်။

ယင်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့တွင် ဒေါပုံမဲဆန္ဒနယ်မှ ဦးငွေဝင်းမောင် (ခ) ဦးပြုံးချိုက 'ဒေါပုံမြို့နယ်ရှိ သဘော်ကျင်းလမ်းဆုံလမ်းမကျယ်ကြီးတွင် အများပြည်သူဘေးကင်းလုံခြုံစွာဖြတ်သန်းနိုင်ရေးအတွက် သင့်လျော်သည့်အစီအမံများ စီစဉ်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ' မေးမြန်းမှုအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လာမည့်ဘဏ္ဍာနှစ်များတွင် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး လူကူးခုံးကျော်တံတားတစ်စင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါနေရာအား စနစ်တကျကွင်းဆင်းစစ်ဆေးပြီး လူကူးမျဉ်းကျားနှင့် လိုအပ်ပါကအချက်ပြမီးပွိုင့်များပါ ထားရှိဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **KH**

**ဥပဒေဘောင်တွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ဒီဇင်ဘာရင်ခုန်သံ



ဒီဇင်ဘာ၏ နှင်းမကွဲမီ နံနက်ခင်းလေးတစ်ခု၊ ပန်းရောင်းသည့်ကောင်လေး၊ ပန်းခြင်းလေးနှင့်လာ၊ တိုက်ဝရံတာအပေါ်ထပ်မှကောင်မလေးပန်းဝယ်ချိန်--

အထက်နှင့်အောက်၊ ဇာတ်လမ်းလေးအစ၊ ကောင်လေးနှင့်ကောင်မလေး၊ ရင်ခုန်သံတွေညံနေသည်။ နေ့တိုင်းလာပန်းပို့သော ကောင်လေး၏ပန်းခြင်းလေးထဲသို့ ကောင်မလေးက စာလေးတစ်စောင်ထည့်ပေးသည်တွင် ကောင်လေးရင်တွေ သွက်သွက်ခါအောင်ခုန်သည်။

စာထဲမှာရေးထားသည်က သူ့ကိုချစ်ရင် ဆယ်တန်းဖြေပါ၊ ဘွဲ့ရအောင်ယူပါ။ သူကျောင်းစရိတ်ပြည့်စုံအောင် ထောက်ပံ့ပါမည်တဲ့ ။ မိန်းခလေးကစတင်၍ ရည်းစားစာပေးသည့်အဖြစ်မျိုးဆိုသော်လည်း ကောင်လေးအဖို့ သူ့စေတနာ သူ့မေတ္တာကိုလေးစားသည်။ သူ့ကိုချစ်သည်။ စာကြိုးစားမည်။ ဘွဲ့ရလျှင်လက်ထပ်ခွင့်ပြုရန် စာပြန်လိုက်၏။

သည်လိုနှင့် ကောင်လေးဆိုသော အောင်အောင်နှင့်ကောင်မလေးဆိုသော နီနီတို့၊ အထက်နှင့်အောက်၊ စာပေးစာယူနှင့်ချစ်သူဖြစ်၊ ကောင်လေးလည်း ဆယ်တန်းအောင်ဘွဲ့ရသည်အထိ သူတို့နှစ်ယောက် စာပေးစာယူနှင့်ပင်ချစ်ကြရတုန်း။

တစ်နေ့တွင် ကောင်လေးက ကတိအတိုင်း လက်ထပ်ချင်ပြီဟု ပြောရာ ကောင်မလေးက အခါခါငြင်းသည်။ ကောင်လေးကလည်း၊ ဇွတ်ပင်။ သည်နေ့ညကားနှင့်လာခိုးမည်။ ခိုးရာလိုက်ဖို့သာပြင်ထားဟု ချိန်းဆိုလိုက်သည်တွင်---။

ချိန်းမိလေသောည ဒီဇင်ဘာလတွင် ကောင်လေးနှင့်ကောင်မလေး ချစ်ကြသည့် ဇာတ်လမ်းတွင် အဆစ်ပါလာသူက ကောင်မလေးနီနီ၏အမွှာညီအစ်မ၊ ကောင်မလေးနော်နော်---။

အဖြစ်က ချိန်းမိလေသော ဒီဇင်ဘာညသန်းခေါင်ယံတွင် အောင်အောင်၏နောက်သို့ နီနီခိုးရာလိုက်လာ၏။ အောင်အောင်က ကားကိုပဲခူးအထိမောင်းသည်။ ပဲခူးရောက်တော့ တစ်လမ်းလုံးစကားတစ်လုံးမှမပြောသော ကောင်မလေးကို အောင်အောင်က 'အ'နေသလားဟုနောက်လိုက်မိရာမှ ချုံးပွဲချငိုသွားသူက ကောင်မလေး၊ ငိုပြီး ရင်ဖွင့်လိုက်ပုံက ပုံပြင်ဆန်လှသည်။

'ကျွန်မက ရှင့်ချစ်သူနီနီမဟုတ်ဘူး။ နော်နော်ပါ။ သူနဲ့ကျွန်မနဲ့က အမွှာညီအစ်မပါ။ သူကအငယ်၊ ကျွန်မကအကြီးပါ။ ကျွန်မညီမလေးက မွေးကတည်းက စကားမပြောတတ်ရှာပြီး သိုက်ကလာတယ်ဆိုတဲ့ ဆွံ့အနေတဲ့ မိန်းကလေးပါရှင်။ ကျွန်မက သူ့ကိုသနားလွန်းလို့ သူ့အယောင်ဆောင်ပြီး ရှင့်နောက်ကိုခိုးရာလိုက်ခဲ့ရတာပါ။ တကယ်တော့ ကျွန်မမှားတာပါ။ ကျွန်မ မတရားတာပါ။ တကယ် ရှင့်နောက်ကိုလိုက်သင့်တာက ရှင့်ကိုချစ်တဲ့ ကျွန်မညီမလေးနီနီပါရှင်။ ကျွန်မနော်နော်၊ ညီမလေးရဲ့ အလိုကျမပြောတတ်ရှာပေမယ့် ရှင့်ကိုပညာတတ်ကြီးဖြစ်စေချင်လွန်းလို့ ခုလိုလုပ်ခဲ့တာပါ။ ရှင့်ကိုသူသိပ်ချစ်တယ်။ ရှင့်ဆီကိုရေးခဲ့တဲ့ စာတွေကိုလည်း သူလက်ဟန်၊ ခြေဟန်နှင့်ပြောလို့ ကျွန်မကိုယ်တိုင်ရေးပေးခဲ့ရတာပါရှင်။'

နော်နော့်စကားအဆုံး မောင်မောင်ယူကြုံးမရစွာ ကားကိုပြန်လှည့်သည်။ စကားမပြောတတ်တဲ့ နီနီ့ကိုပဲယူမည်ဟုပြောကာ ကားကိုမိုင်ကုန်မောင်းခဲ့သည်။ ရန်ကုန်အဝင် သုံးထပ်ကွေ့အချိုး ကားမှောက်သည်။ မောင်မောင်ဆိုသည့် ကောင်လေးမသေသော်လည်း အတိတ်မေ့သွားသည်။

သူတို့အဖြစ်တွေက မောင်မောင်ဆိုသည့်ကောင်လေး အတိတ်မေ့နေသည်ကပင် ကောင်းမည်။

**ကြည်ဦးဦးခင်**

# မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ ဆုကြေးများထိုက်တန်စွာချီးမြှင့်မည်



မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ (၂၀၁၇) ကို ဇန်နဝါရီလ ၄ ရက်နေ့ (လွတ်လပ်ရေး) နေ့တွင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင်အမျိုးသား၊ အမျိုးသမီး အလွတ်တန်း၊ အမျိုးသား၊ အမျိုးသမီးလူသစ်တန်းပြိုင်ပွဲများ ထည့်သွင်းယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့မှ နံနက် ၆ နာရီတွင် တာလွှတ်၍ ၂၆ လမ်းအတိုင်း လမ်း ၈၀ အထိ၊ ၎င်းမှလမ်း ၈၀ အတိုင်း ၁၂ လမ်းအထိ၊ ၎င်းမှ ၁၂ လမ်းအတိုင်း ၆၂ လမ်းအထိ၊ ၎င်းမှ ၆၂ လမ်းအတိုင်း သိပ္ပံလမ်းအထိ၊ ၎င်းမှသိပ္ပံလမ်းအတိုင်း ရန်ကုန်-မန္တလေးလမ်းဆုံအထိ၊ ၎င်းမှ ရန်ကုန်-မန္တလေးလမ်းနှင့် ၇၈ လမ်းအတိုင်း လမ်း ၃၀ အထိ၊ ၎င်းမှလမ်း ၃၀ အတိုင်း ဗထူးကွင်းအထိ ၁၃ မိုင်ခန့် ပြေးလမ်းသတ်မှတ်ထားသည်။

အလွတ်တန်းအမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် အဆင့်-၁ မှ ၁၀ အထိ ငွေကျပ် ၁၀ သိန်း၊ ၉ သိန်း၊ ၈ သိန်း၊ ၇ သိန်း၊ ၆ သိန်း၊ ၅ သိန်း၊ ၄ သိန်း၊ ၃ သိန်း၊ ၂ သိန်း၊ ၁ သိန်း အဆင့်လိုက်ဆုချီးမြှင့်မည်ဖြစ်ပြီး နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ်ခုနှစ်သောင်းနှုန်းဖြင့် ၅ ဆုချီးမြှင့်မည်။ လူသစ်တန်းအမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် အဆင့်-၁ မှ ၁၀ အထိ ငွေကျပ် ၁၅ သိန်း၊ ၁၄ သိန်း၊ ၁၃သိန်း၊ ၁၂ သိန်း၊ ၁၁ သိန်း၊ ၁၀ သိန်း၊ ၉ သိန်း၊ ၈ သိန်း၊ ၇ သိန်း၊ ၆ သိန်း အသီးသီးဆုများချီးမြှင့်မည်ဖြစ်ပြီး နှစ်သိမ့်ဆု ၁ မှ ၅ အထိတစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ နှစ်သိမ့်ဆု ၁၁ မှ ၁၅ အထိ တစ်ဦးလျှင် ငွေကျပ်ခြောက်သောင်းနှုန်း၊ နှစ်သိမ့်ဆု ၁၆ မှ ၂၀ အထိတစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ထိုက်တန်စွာချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲလျှောက်လွှာတစ်စောင်လျှင် ကျပ် ၃၀၀ နှုန်းဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၁ လမ်းကြား ချမ်းအေးသာစံမြို့နယ်တွင်လည်းကောင်း၊ အောင်မြေသာစံမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ၂၂ လမ်းနှင့် ၈၇ လမ်းထောင့်တွင်လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ၃၅ လမ်းနှင့် ၇၁ လမ်းထောင့် မဟာနွယ်စဉ်အားကစားကွင်းတွင်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး သိပ္ပံလမ်းတွင်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး မန္တလေး-စစ်ကိုင်းလမ်း စုပေါင်းရုံးဝင်းအတွင်းတွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနရုံး၊ ဗထူးအားကစားခန်းမတွင်လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတင်ပြ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ဒီဇင်ဘာလ ၂၇ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အထိ ဝယ်ယူထားသည့် လျှောက်လွှာများဖြင့် ပြိုင်ပွဲဝင်အကျီများ လဲလှယ်ထုတ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **သီဟကိုကို (မန္တလေး)**

CARTOON



# ဝန်ထမ်းများအား မော်တော်ဆိုင်ကယ်မောင်းလိုင်စင်ပြုလုပ်ပေး



စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စားရိပ်သာခန်းမတွင် ဒီဇင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်ရုံး (တောင်ကြီး) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့်ပူးပေါင်း၍ စက်ရုံတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် ယာဉ်မောင်းလိုင်စင်မပြုလုပ်ရသေးသောဝန်ထမ်းများ၊ တည်ဆောက်ရေးလုပ်ငန်းမှဝန်ထမ်းများကို မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ပြုလုပ်ပေးခဲ့သည်။

အခမ်းအနားတွင် ဦးစီးအရာရှိ ဒေါ်ကြည်ကြည်မြင့်က ယာဉ်မောင်းနှင်ရာတွင် လိုက်နာရမည့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ယာဉ်မောင်းနှင်ရာတွင် ပါရှိရမည့်စာရွက်စာတမ်းများ၊ အထောက်အထားများ၊ ယာဉ်မမောင်းနှင်မီစစ်ဆေးရမည့်အချက်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး လိုင်စင်ပြုလုပ်မည့်ဝန်ထမ်းများနှင့်အပြန်အလှန်ဆွေးနွေးကာ ရှင်းလင်းနားလည်ခြင်းရှိ/မရှိ ရေးဖြေစမ်းသပ်ခြင်းကိုပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ စက်ရုံမှူး၊ အရာထမ်း၊ အမှုထမ်းများနှင့် လိုင်စင်ပြုလုပ်မည့်ဝန်ထမ်းများတက်ရောက်ကြပြီး ဝန်ထမ်း ၁၈၀ ဦးကို မော်တော်ဆိုင်ကယ်မောင်းလိုင်စင်များ ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။

**စိုးမြင့် (ကျွန်းလှ)**


ကြေးပိဋကတ်တော် လှူဒါန်းနေပါသည်

ဝိသုဒ္ဓိမဂ္ဂမဟာနိကာ ကြေးပိဋကတ်တော် အလှူရှင်



ဒေါ်စောစောမြင့်၊ သုဝဏ္ဏမြို့သစ် - ၁ချပ်(၂၆၀၀၀/-)
ဒေါ်ခိုင်ရင်မြင့်၊ သုဝဏ္ဏမြို့သစ် - ၁ချပ်(၂၆၀၀၀/-)
ဦးဝင်းကြိုင် + ဒေါ်ခင်ဝင်းရီ၊ - ၂ချပ်(၅၂၀၀၀/-)
သမီး မကြူကြူဝင်း၊ ဒေါ်မွန်ဝင်း
မိသားစု။ အင်းစိန်မြို့။
ဒေါ်ခေမီ၊ - ၁ချပ်(၂၆၀၀၀/-)
အင်းစိန်မြို့ အောင်ဆန်းမြို့သစ်။ တို့မှ စုစုပေါင်း
ကြေးပိဋကတ်တော်(၅)ချပ်၊ တစ်ချပ်လျှင် ၁၃၀၀၀၀/ကျပ်တို့
ကြေးပိဋကတ်ဦးဆောင်ဆရာတော်ထံ လာရောက်
လှူဒါန်းပါသည်။

ဆက်သွယ်လှူဒါန်းရာဌာန - မင်းလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ (ရွှေတောင်တောင်ခြေ)၊ ကြားတောရရပ်ကွက်၊ မတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၄၈၈၈၅၊ ၀၉ ၅၁ ၉၅၂၈၆၊ ၀၉ ၄၃၃ ၁၆၂၁၃။


# တီဘီရောဂါကင်းစင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်မည်

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော တီဘီရောဂါကင်းစင်ရေးအတွက် မြို့နယ်နှင့်ကျေးလက်ဒေသမကျန် အရှိန်အဟုန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက်မန်နေဂျာ ဒေါက်တာစည်သူအောင်ကပြောသည်။

တီဘီရောဂါအဆုံးသတ်ရေးနှင့် ပပျောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူနာဗဟိုပြုတီဘီရောဂါစောင့်ရှောက်ရေး၊ ရောဂါပြန့်ပွားကူးစက်မှုထိန်းချုပ်ရေးနှင့် ပြည်သူလူထုအခြေပြုလုပ်ငန်းများကို အချက်အလက်များဖြင့် အဓိကထားလုပ်ဆောင်မည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံအတွင်း တီဘီရောဂါဖြစ်ပွားမှုနှုန်းသည် လူဦးရေတစ်သိန်းလျှင် တီဘီရောဂါလူနာ ၃၆၅ ဦးအထိဖြစ်ပွားနေပြီး ၂၀၃၅ ခုနှစ်တွင် တီဘီရောဂါဖြစ်ပွားမှု ၁၀ ဦးနှုန်းအောက်လျော့နည်းရေးနှင့် တီဘီရောဂါအဆုံးသတ်သွားရန် လုပ်ဆောင်မည်ဖြစ်ကြောင်းသိရသည်။ ယင်းအတွင်း ငါးနှစ်စီမံကိန်းချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အကျဉ်းထောင်များမှလူနာများ၊ နယ်စပ်ဒေသများမှလူနာများ၊ အခက်အခဲရှိသောဒေသများအထိ သွားရောက်ကာရောဂါရှာဖွေရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ **စံမျိုးထက်**

# မန္တလေးတက္ကသိုလ် ရာပြည့်အကြိုအထိမ်းအမှတ် စာတမ်းဖတ်ကြား အာစရိယပူဇော်ပွဲ၊ သိပ္ပံပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ဈေးရောင်းပွဲတော်ကျင်းပ



မန္တလေးတက္ကသိုလ် ရာပြည့်အကြိုအထိမ်းအမှတ်သုတေသနစာတမ်းဖတ်ပွဲကို ဒီဇင်ဘာလ ၂၀ ရက်နေ့၊ နံနက် ၉ နာရီခွဲက သိပ္ပံသုတေသနဌာန အစည်းအဝေးခန်းမတွင်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဂုဏ်ပြုစကားပြောကြားသည်။ ထို့နောက် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက ရာပြည့်အကြိုစာတမ်းဖတ်ပွဲ၊ အာစရိယပူဇော်ပွဲ၊ သိပ္ပံပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ဈေးရောင်းပွဲတော်ကျင်းပခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သုတေသနစာတမ်းဖတ်ပွဲများကျင်းပရာ မန္တလေးတက္ကသိုလ် ဘာသာရပ်ဌာနများမှဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့်ကထိကများက ဝိဇ္ဇာဘာသာရပ်များအတွက် စာတမ်း ၂၂ စောင်၊ သိပ္ပံဘာသာရပ်များအတွက် စာတမ်း ၂၇ စောင်အားဖတ်ကြားကြရာ ပါရဂူဘွဲ့နှင့်မဟာတန်းမှ ကျောင်းသားကျောင်းသူများ တက်ရောက်လေ့လာကြသည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အသက် ၆၈ နှစ်အထက် ဆရာ/ဆရာမ ၄၇၉ ဦးအား အာစရိယပူဇော်ပွဲကိုလည်းကောင်း၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင်သိပ္ပံပြပွဲကို နတ်သျှင်နောင်လမ်းရှိ မိုးလုံလေလုံအားကစားရုံ၌လည်းကောင်း၊ ဈေးရောင်းပွဲတော်ကို နတ်သျှင်နောင်လမ်း၌လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။ **သီဟကိုကို (မန္တလေး)**

# စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အသိပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား/ ကျောင်းသူများ အမှိုက်စနစ်တကျစွန့်ပစ်ရေး၊ အမှိုက်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ကောင်းမွန်သောအလေ့အကျင့်များအား ကိုယ်တိုင်လိုက်နာနိုင်ရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၁၅ ရက်နေ့၊ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်း အမှတ် (၁) တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ ခရိုင်မှူး ဦးသက်ဝေက အဖွင့်အမှာစကားပြောကြားပြီး၊ ဌာနခွဲမှူး ဒေါ်သန်းသန်းဝင်းက စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာအသိပညာနှင့် အမူအကျင့်ကောင်းများ လိုက်နာနိုင်ရေးကို ဟောပြောသည်။ ထို့နောက် ကျောင်းသား/ ကျောင်းသူများအား ကိုယ်တိုင်လက်တွေ့သရုပ်ပြပေးခဲ့ကာ ကျောင်းအတွက် အမှိုက်ပုံးနှင့်အမှိုက်အိတ်များ လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။ **ရွှေတိုင်လွင်**



## PUM Netherlands Senior Experts အဖွဲ့ ဆန်၊ စပါး နည်းပညာဆိုင်ရာကျွမ်းကျင်ပညာရှင်မှ ဆန်၊ စပါးနည်းပညာများပံ့ပိုး

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာနနှင့် PUM Netherlands Senior Experts အဖွဲ့တို့ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးရှိ ဆန်စက်လုပ်ငန်းရှင်များ၏ ကုန်ကြမ်း၊ ကုန်ချောရရှိမှု၊ ထုတ်လုပ်မှုဈေးကွက်အခြေအနေများကိုလေ့လာ၍ အနာဂတ်ကာလတွင်နိုင်ငံတကာအဆင့်ခေတ်မီ ဆန်စပါးသိုလှောင်ကြိတ်ခွဲ၊ ဖြန့်ဖြူးသည့်နည်းစနစ်များ ဖြစ်ပေါ်လာစေရေး၊ ကျန်းမာရေးစံချိန်စံညွှန်းများနှင့်အညီထုတ်လုပ်၍ နိုင်ငံခြားဈေးကွက်သို့တင်ပို့ရောင်းချနိုင်စေရေး၊ ဘေးထွက်ပစ္စည်းများဖြစ်သည့် ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံစသည့်ထွက်ကုန်များကို အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် ဆန်စပါးကျွမ်းကျင်ပညာရှင် Mr. Robert Elmont သည် နိုဝင်ဘာလ ၂ ရက်နေ့မှ ဒီဇင်ဘာလ ၂ ရက်နေ့အထိ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များအား ဆန်စပါးထုတ်လုပ်မှုဆိုင်ရာနည်းပညာများ ပံ့ပိုးပေးခဲ့ပါသည်။ ၎င်းဆန်လုပ်ငန်းကျွမ်းကျင်ပညာရှင်၏ Short Term, Medium Term, Long Term အကြံပြုချက်များနှင့်တကွ လက်ရှိအခြေအနေပေါ်တွင် သုံးသပ်တင်ပြချက်များအား လုပ်ငန်းရှင်များလေ့လာနိုင်ရန် ဖော်ပြအပ်ပါသည်-



**(က) လက်ရှိအခြေအနေအပေါ်တွင် သုံးသပ်တင်ပြချက်**

မြန်မာနိုင်ငံ၌ ဆန်အမြောက်အမြားထွက်ရှိနေသော်လည်း နိုင်ငံခြားငွေရရှိစေရန် ပြည်ပပို့ကုန်အဖြစ်တင်ပို့ရာတွင် ဆန်သည်တိုက်ရိုက်စားသုံးကုန်အမျိုးအစားဖြစ်၍ EU GAP, Japan GAP, US GAP စသည်များနှင့်တကွ Phyto-sanitary Certificate (ဥပမာ- Free From Arsenic, etc) များလိုအပ်ပါသည်။ သို့ဖြစ်၍ ပြည်ပပို့ကုန်အဖြစ် Certification ဖြေလျှော့မှုရရှိနိုင်မည့် ဆန်ကွဲ (Broken Rice) များကို တင်ပို့ရောင်းချခြင်းကို လတ်တလောဆောင်ရွက်ပြီးလျှင် နိုင်ငံခြားငွေရရှိအောင်ဆောင်ရွက်နိုင်ပါမည်။ ရေရှည်ဆောင်ရွက်နေမှုအနေဖြင့် Long Term, Medium Term, Short Term အကြံပြုချက်များအတိုင်း ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ဆန်စပါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါသည်။

**(ခ) Short Term (1~6 months) ပြင်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ရမည့်အချက်များ**

(၁) ပေါ်ဆန်းနှင့်ဧည့်မထ ဆန်နှစ်မျိုးအား စက်အလိုက်နမူနာကြိတ်ခွဲပြီး Safety Analysis ပြုလုပ်ရန်၊

(၂) GMP (Good Manufacturing Practice) Standard အပေါ်အခြေခံ၍ ဆန်စက်များ၏သန့်ရှင်းသပ်ရပ်မှု၊ ဂိုထောင်များ၏ သန့်ရှင်းသပ်ရပ်မှုရရှိစေရေးဆောင်ရွက်ရန်၊

(၃) စပါး၊ ဆန်နှင့်ဖွဲများကို GMP Standard နှင့်အညီ သီးသန့်ခွဲခြားထားသိုရန်၊

(၄) အလေအလွင့်များလျော့ကျစေရန်အတွက် အစီအစဉ်များရေးဆွဲရန်၊

(၅) စက်၏ထုတ်လုပ်နိုင်စွမ်းနှင့် အရည်အသွေးကိုသိရှိနိုင်ရန်၊ စပါးအမျိုးအစားအလိုက် one shift production အပေါ်စမ်းသပ်မှတ်တမ်းထားရန်၊

(၆) ဆန်စက်၏ဓာတ်ခွဲခန်းများအား အဆင့်မြှင့်တင်ရန်၊

(၇) Post Harvest Management ကျွမ်းကျင်နားလည်သော ပြည်တွင်းနည်းပြဆရာများဖြင့် စက်ရုံများ၏ Operators နှင့် Supervisors များကို သင်တန်းပေးရန်၊

**(ဂ) Mid Term (6~12 months) ပြင်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ရမည့်အချက်များ**

(၁) Post Harvest Training များ ဆက်လက်ကျင်းပနိုင်ရေးအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်ရန်နှင့်Training Material များကို လက်ရှိအခြေအနေနှင့်လိုက်လျောညီထွေရှိအောင် ဖြည့်တင်းဆောင်ရွက်သွားရန်၊

(၂) အင်တာနက်မှတစ်ဆင့် ဈေးကွက်သတင်းအချက်အလက်များကို အသင်းအဖွဲ့ဝင်များအချိန်မီသိရှိနိုင်ရန်နှင့်အချင်းချင်းအသိပေးစေခြင်း၊ သတင်းစာစောင်များဖြန့်ဝေခြင်းများ ဆောင်ရွက်နိုင်အောင်မြှင့်တင်ရန်၊

(၃) စပါးမျိုးစိတ်သစ်၊ မျိုးစိတ်ဟောင်းများ၏ သတင်းအချက်အလက်များကို စိုက်ပျိုးရေးဦးစီးဌာန၊ UMFCCI၊ Myanmar Rice Federation နှင့် JICA အဖွဲ့အစည်းများထံမှ ရယူစုဆောင်းထားရန်၊

(၄) National Seed Supplying Institutes နှင့်ပူးပေါင်း၍ စပါးမျိုးကောင်းမျိုးသန့်များ ရရှိရေးဆောင်ရွက်ရန်၊

(၅) စက်ဖြင့်အခြောက်ခံရာတွင် Moisture Content ကို ၁၆ ရာခိုင်နှုန်းထား၍ စမ်းသပ်ဆောင်ရွက်ကြည့်ရန်၊

(၆) ဆန်စက်နှင့်ဂိုထောင်များကို GMP နှင့် Basic Hygiene Codex များနှင့်ကိုက်ညီအောင် အဆင့်မြှင့်တင်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ ရေးဆွဲရန်၊

**(ဃ) Long Term (12~36 months) ပြင်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ရမည့်အချက်များ**

(၁) အဆင့်မီ Laboratory နှင့်အတူ export company တစ်ခုတည်ထောင်ရန်၊

(၂) လယ်သမားများနှင့်ပူးပေါင်း၍ အခြောက်ခံစက်များတည်ဆောက်သွားနိုင်ရန်နှင့် Moisture Content ၁၆ ရာခိုင်နှုန်းနှင့်အထက် စပါးများအား ဆန်ထွက်နှုန်းတိုးတက်မြင့်မားလာအောင်ဆောင်ရွက်သွားရန်၊

(၃) စက်ရုံနှင့်ဂိုထောင်များအား GMP နှင့် Basic Hygiene Codex နှင့်အညီ တည်ဆောက်မြှင့်တင်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု Plan များရေးဆွဲဆောင်ရွက်ရန်၊

(၄) စက်ရုံအကြီးအသေးအလိုက် အဆင့်မြှင့်တင်ရာတွင် လုပ်ငန်းတာဝန်များခွဲဝေယူနိုင်ရေး ပြန်လည်ဖွဲ့စည်းဆောင်ရွက်သွားရန်၊

(၅) စက်ရုံများအစုအဖွဲ့အနေဖြင့် HACCP၊ ISO၊ BRC ကဲ့သို့သော နိုင်ငံတကာအသိအမှတ်ပြုအဖွဲ့အစည်းများ၏ အစားအသောက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်များရရှိအောင်ဆောင်ရွက်ရန်၊

(၆) စပါးစိုက်တောင်သူလယ်သမားများအား စပါးစိုက်ပျိုးမှုနည်းစနစ်ကောင်းများရရှိစေရေး ပံ့ပိုးဆောင်ရွက်သွားရန်၊

(၇) ပုသိမ်မြို့ ဧရိယာအတွင်း Central Bio Park တစ်ခုတည်ထောင်သွားနိုင်ရန်နှင့် စပါးခွံအသုံးပြု၍ လျှပ်စစ်၊ အပူစွမ်းအင်နှင့်စပါးခွံပြာမှ ဘိလပ်မြေထုတ်ယူခြင်းလုပ်ငန်းများ ပူးတွဲဆောင်ရွက်နိုင်ရန်၊ ဖွဲနုဆီစက်နှင့်တန်ဖိုးမြှင့်ထုတ်ကုန်များပြုလုပ်နိုင်သော အာဟာရမှုန့်၊ rice cracker စသည့်စက်များ တည်ဆောက်နိုင်ရေးဆောင်ရွက်သွားရန်တို့ဖြစ်ပါသည်။

## ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တွင် ပြဋ္ဌာန်းထားသည့် အခွန်သက်သာခွင့် ယခင်ဥပဒေဟောင်းနှင့်ကွာခြားမည်ကို လုပ်ငန်းရှင်များသတိပြု

လာမည့် ၂၀၁၇ ခုနှစ်တွင်စတင်ကျင့်သုံးမည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တွင်ပါဝင်လာမည့် အခွန်သက်သာခွင့်နှင့်ဆိုင်သော ပြဋ္ဌာန်းချက်များမှာ ယခင်ဥပဒေဟောင်းနှင့်ကွာခြားမှုများရှိနေပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ယင်းအချက်များကိုသတိပြု ရင်းနှီးမြှုပ်နှံဆောင်ရွက်သင့်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ထုတ်ပြန်မှုအပေါ် စီးပွားရေးပညာရှင်များကပြောကြားကြောင်း သတင်းရရှိသည်။

ရင်းနှီးမြှုပ်နှံဥပဒေနှင့်ပတ်သက်ပြီး အောက်တိုဘာလ ၁၈ ရက်နေ့ကထုတ်ပြန်ခဲ့ပြီး လာမည့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်ကာ ရင်းနှီးမြှုပ်နှံမှုအချက်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်သဖြင့် ယခင်ထုတ်ပြန်ထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပြည်တွင်းစီးပွားရေးရင်းနှီးမှုဥပဒေများနှင့်အညီ ဆောင်ရွက်နေမှုများအား ဒီဇင်ဘာလ ၃၁ ရက်နေ့အထိသာ ဆောင်ရွက်ပေးတော့မည်ဖြစ်ကြောင်း၊ ယခင်ဥပဒေနှင့်ကွာခြားမှုတွင် အခွန်ကိစ္စကွာခြားမှုများကို စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သတိပြုရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ထားကြောင်းသိရသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ ရင်းနှီးမြှုပ်နှံမှုဥပဒေထုတ်ပြန်ပြီးဆိုတာနှင့်မပြီးကြောင်း၊ လက်တွေ့ဥပဒေကိုလိုက်နာဆောင်ရွက်သူတွေ၊ လက်တွေ့ဆောင်ရွက်မည့်သူတွေအတွက် ရလဒ်တွေမည်သို့ရလာမည်ဖြစ်ကြောင်းဆိုတာကလည်း အရေးကြီးကြောင်းသိရသည်။ လက်ရှိအစိုးသစ်လက်ထက်တွင် ကျင့်သုံးမည့် စီးပွားရေးမူဝါဒများကိုအထောက်အကူဖြစ်ရန် ထုတ်ပြန်ထားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများအား စီးပွားရေးလုပ်ငန်းရှင်က လွယ်ကူစွာကျင့်သုံးနိုင်ရန် ဦးစားပေးဆောင်ရွက်မှုများလိုအပ်လျက်ရှိပြီး ယခုကဲ့သို့စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် မှီခိုနေရသည့်အချိန်တွင် စီးပွားရေးကဏ္ဍတည်ငြိမ်ရေးအပေါ် ဦးစားပေးဆောင်ရွက်သင့်ကြောင်း ပညာရှင်များသုံးသပ်ထားသည်ကိုသိရသည်။

**နေရဲ**

# ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွက် သင့်ကံဇာတာ




မိုးဟိန်း

**တနင်္ဂနွေ**

ပတ်ဝန်းကျင်၏ လေးစားအသိအမှတ်ပြုခြင်းကိုရရှိမည်။ မိမိဦးဆောင်လုပ်ကိုင်ရသောကိစ္စများ အောင်မြင်မည်။ သက်သက်သာသာ ဇိမ်ကျကျနေရကိန်းမရှိ။ မနေမနားလှုပ်ရှားရုန်းကန်နေရမည်။ အရာရာအောင်မြင်နေပါလျက် အထီးကျန်ခြင်းကိုခံစားနေရမည်။ မိသားစုအရေးထက် သူတစ်ပါးကိုဦးစားပေးနေရကိန်းရှိသည်။ ငွေဝင်ကောင်းသလောက် ငွေကြေးကြပ်တည်းနေလိမ့်မည်။ ခြေထောက်ပိုင်းကို မတော်တဆထိခိုက်မိတတ်ပါသည်။

ယတြာ ။ အိမ်ရှိဘုရားကို ရောင်တော်ဖွင့်ပေးပါ။

**တနင်္လာ**

အပြိုင်အဆိုင်၊ အနှောင့်အယှက်များကို ကျော်လွှားအောင်မြင်နိုင်လိမ့်မည်။ မဖြစ်နိုင်၊ မရနိုင်ဟုထင်မှတ်ထားသောကိစ္စများတွင် အခွင့်အလမ်းများ ပွင့်လန်းလာလိမ့်မည်။ ဘာသာရေးကိစ္စများဆောင်ရွက်ရင်း ထင်ရှားသောတိုးတက်မှုကိုရရှိမည်။ ထူးခြားသောပုဂ္ဂိုလ်များနှင့် တွေ့ကြုံရမည်။ ပညာရေးတွင် အစွမ်းအစ၊ အရည်အချင်းပြသခွင့်ကြုံမည်။ တစ်ဦးထက်ပိုသော ချစ်သူများကြောင့် ဗျာများနေရလိမ့်မည်။ ဦးခေါင်းကိုက်ခဲခြင်းဝေဒနာ ခံစားရတတ်ပါသည်။

ယတြာ ။ ဘုရားရင်ပြင်တော်သန့်ရှင်းရေး ပြုလုပ်ပေးပါ။

**အင်္ဂါ**

နည်းကောင်းလမ်းမှန်များ ညွှန်ကြားပေးနိုင်သည့် ဆရာသမားအကူအညီကိုရရှိမည်။ ပညာရေးတွင်ထင်ရှားသော အောင်မြင်မှုကိုရရှိမည်။ လမ်းစပျောက်နေသောကိစ္စများ လမ်းစပေါ်၍ အဆင်ပြေသွားလိမ့်မည်။ အရာရာကို စိတ်ရှည်သည်းခံပြီး ဆောင်ရွက်ပါ။ ပျိုရွယ်သူများအတွက် ချစ်သူ၊ ခင်သူနှင့် ဝေးကွာနေရဦးမည်။ ငွေကုန်ကြေးကျများနေသော ကာလဖြစ်သည်။ မိဘ၊ အကြီးအကဲများတွင် ကျန်းမာရေးအညံ့ရှိပါသည်။

ယတြာ ။ ဇီဝိတဒါနလုပ်ပေးပါ။

**ဗုဒ္ဓဟူး**

အပူသောကများ ကုန်ဆုံးသွားပြီး အေးချမ်းခြင်း၊ အောင်မြင်ခြင်း၊ တိုးတက်ခြင်းများ ရရှိခံစားရမည်။ အမျိုးသမီးအကြီးအကဲ၏ ကူညီစောင့်ရှောက်မှုကို ရလိမ့်မည်။ မိမိအပေါ် မကောင်းစိတ်ဖြင့်ယှဉ်ပြိုင်တိုက်ခိုက်လာသူများတွင် တူသောအကျိုးပေးကို ခံစားရလိမ့်မည်။ လူမျိုးကွဲ၊ လူမျိုးခြားအထူးအကျိုးပေးသည်။ ပျိုရွယ်သူများ အလွန်စန်းပွင့်နေသောကာလဖြစ်သည်။ ငွေဝင်လမ်းကြောင်း ပွင့်လန်းနေလိမ့်မည်။ မျက်စိဝေဒနာ ခံစားရတတ်ပါသည်။

ယတြာ ။ မယ်သီလရှင်များကို ဒါနပြုပေးပါ။

**ကြာသပတေး**

အလုပ်သစ်၊ အကြံသစ်များ လုပ်ကိုင်ရကိန်းရှိသည်။ အခက်အခဲများကို ကျော်လွှားအောင်မြင်နိုင်လိမ့်မည်။ အလုပ်နေရာ၊ အိမ်နေရာပြောင်းရွှေ့ရကိန်းရှိပါသည်။ ရပ်ဝေးမှ အဆက်အသွယ်ကောင်းများ ရရှိမည်။ မိသားစုအတွင်း အိမ်ထောင်မရှိသူ အိမ်ထောင်ကျ၍ အိမ်ထောင်ရှိသူများ သားသမီးရတနာရကိန်းရှိပါသည်။ စီးပွားကံကောင်းနေလိမ့်မည်။ သူတစ်ပါးရန်ဖြစ်သည်ကို ဖြန်ဖြေရင်း မိမိတွင်မတော်တဆထိခိုက်မိတတ်ပါသည်။

ယတြာ ။ ခရီးသွားရဟန်းသံဃာများကို ဒါနပြုပေးပါ။

**သောကြာ**

လုပ်ငန်းခွင်မှသူများအဖို့ ရာထူးအဆင့်တိုးတက်ခြင်း၊ ဝင်ငွေတိုးခြင်းရှိမည်။ အခက်အခဲကြားမှ တိုးတက်သောအနေအထားရှိမည်။ ဘဝရည်မှန်းချက်၊ မျှော်လင့်ချက်များ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်လိမ့်မည်။ ခရီးကံအကျိုးပေးသော ကာလဖြစ်သည်။ မေတ္တာရေးတွင် ၁၅၀၀ ရော၊ ၅၂၈ ပါ အထူးကောင်းသည်။ အပျိုကြီး၊ လူပျိုကြီးများ မင်္ဂလာကိစ္စစီစဉ်ရကိန်းရှိသည်။ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်းများ ကြုံတွေ့ရတတ်ပါသည်။

ယတြာ ။ လမ်းပြင်ပေးပါ (သို့) လမ်းပြင်သူများကို ဒါနပြုပေးပါ။

**စနေ**

စကားများများ မပြောသင့်ပါ။ လုပ်သင့်သည်ကို ရဲရဲလုပ်ကိုင်ဆောင်ရွက်ပါ။ တစ်ပါးသူကို တိုင်ပင်လုပ်ကိုင်ခြင်းထက် မိမိကိုယ်တိုင် ဆုံးဖြတ်ဆောင်ရွက်ပါ။ မိမိအစွမ်းအစကို ပြသခွင့်ရမည်။ မည်မျှခက်ခဲသောကိစ္စဖြစ်စေ ကိုယ်ပိုင်အရည်အချင်းဖြင့် ပြီးမြောက်အောင်မြင်အောင် စွမ်းဆောင်နိုင်လိမ့်မည်။ ကာလအတန်ကြာ မြုပ်နေသောငွေကြေး၊ အခွင့်အရေးများ ပြန်ရမည်။ သွား၊ သွားဖုံးဝေဒနာများ ခံစားရတတ်ပါသည်။

ယတြာ ။ မိခင် (သို့) မိခင်ကဲ့သို့သူကို အမှူးထား၍ အလှူလုပ်ပေးပါ။

**ရာဟု**

အထူးသတိထားရမည့်ကာလဖြစ်သည်။ သစ္စာဖောက်ခံရခြင်း၊ အမှုအခင်းများ ရင်ဆိုင်ရခြင်းရှိသည်။ လူယုံထား၍မရ။ ဥပဒေနှင့်မလွတ်ကင်းသောကိစ္စများ သတိပြုရှောင်ကြဉ်ပေးပါ။ စာချုပ်စာတမ်း၊ ငွေကြေးကိစ္စများ သတိပြုဆောင်ရွက်ပါ။ ကျန်းမာရေးအညံ့ရှိသောကာလဖြစ်သည်။ အမြင့်မှကျခြင်း၊ ချော်လဲခြင်းများ တွေ့ကြုံရမည်။ မေတ္တာရေးတွင် ဘေးစကား၊ သွေးသားအနှောင့်အယှက်များကြောင့် ပူပန်ရလိမ့်မည်။ ဘုရား၊ တရားကို အလေးအနက်ထားဆောင်ရွက်သင့်သောကာလဖြစ်ပါသည်။

ယတြာ ။ ဘုန်းကြီးကုဋီများကို ရေဆေးပေးပါ။

## အူရီဒူး၏ အမြန်ဆုံးအင်တာနက်အသုံးပြုနိုင်ရန် ဟန်းဆက်များ လဲလှယ်နိုင်ပြီ

အူရီဒူးမြန်မာအနေဖြင့် မကွေးတိုင်းဒေသကြီးတွင် ၎င်း၏ အမြန်ဆန်ဆုံးသော 4G ကွန်ယက်ကိုဖြန့်ကျက်၍ မကြာမီကာလတွင် ဝန်ဆောင်မှုပေးတော့မည်ဖြစ်သဖြင့် မကွေး၊ မင်းဘူးနှင့်ရေနံချောင်းမြို့များတွင် ဟန်းဆက်အဟောင်းများအား ဟန်းဆက်အသစ်ဖြင့် လဲလှယ်ဝယ်ယူနိုင်သည့်အစီအစဉ်အား New China Great Wall Co.,Ltd.နှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၁၉ ရက်နေ့ အော်ရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရသိရသည်။

အူရီဒူး Keypad ဖုန်းများနှင့် 2G, 3G စမတ်ဖုန်းအသုံးပြုသူများအနေဖြင့် ၎င်းတို့၏ဟန်းဆက်များကို Smart 12 4G LUX Star ဟန်းဆက်အသစ်ဖြင့် လဲလှယ်ဝယ်ယူနိုင်ခွင့် သာမက ၁၂ လတိုင်တိုင် ငွေဖြည့်အပိုလက်ဆောင်ကိုပါရရှိနိုင်မည့် အခွင့်အလမ်းအသစ်ရရှိနိုင်မည့်အပြင်၊ လက်ရှိအသုံးပြုနေသည့် အူရီဒူးအမှတ်တံဆိပ် Keypad ဖုန်း (သို့) စမတ်ဖုန်းကိုလဲလှယ်ပြီး ဖုန်းအသစ်ဝယ်ယူပါက အဆိုပါဖုန်းများမှာ ဆက်လက်အသုံးပြု၍ရရှိနေပါက Keypad ဖုန်းအတွက် ကျပ် ၁၁,၀၀၀၊ စမတ်ဖုန်းအတွက် ၂၀,၀၀၀ ကျပ်လျှော့ဈေးဖြင့် ဖုန်းအသစ်ဝယ်ယူခွင့် ရရှိမည်ဖြစ်သည်။

အခြားအမှတ်တံဆိပ် အသုံးပြုသူများအနေဖြင့်လည်း ၎င်းတို့၏လက်ရှိဟန်းဆက်များကို အူရီဒူးမြန်မာ၏ Smart 12 4G LUX Star စမတ်ဖုန်းဖြင့် လဲလှယ်ဝယ်ယူနိုင်မည်ဖြစ်ကာ ဟန်းဆက်ကောင်းမွန်ပါက Keypad ဖုန်းအတွက် ကျပ် ၁၀,၀၀၀၊ စမတ်ဖုန်းအတွက် ၁၈,၀၀၀ ကျပ်ပေးသွင်း၍ လဲလှယ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါအစီအစဉ်ကို ၂၀၁၆ ခုနှစ်၊ ဒီဇင် ဘာလ ၂၅ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့အထိ ပြုလုပ်ပေးသွားမည်ဖြစ်သဖြင့် မကွေးမြို့နယ်နှင့်ရေနံချောင်းမြို့ရှိ အူရီဒူးအမှတ်တံဆိပ်အရောင်းဆိုင် ၁၀ ဆိုင်တွင် အချိန်မီသွားရောက် လဲလှယ်ထားရှိရန်လိုအပ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက် အရသိရှိရသည်။

ဖိုးကောင်း

# အချိန်ပြည့်ပင်ပန်းနွမ်းနယ်ခြင်း (Fatigue)



အချို့လူများ ဘာမှမလုပ်ရဘဲ အချိန်ပြည့် ပင်ပန်းနွမ်းနယ်နေတာ တွေ့ရပါတယ်။ အချို့က ကိုယ်တိုင် အပျင်းထူနေလို့၊ အချို့က အလုပ်တွေဖိစီးလို့စသဖြင့် တွေးတတ်ကြတယ်။ တကယ်တမ်းအချိန်ပြည့် ပင်ပန်းနုံးချိသလို ခံစားနေရတာက ခန္ဓာကိုယ် ကျန်းမာရေးပြဿနာကြောင့်ပဲဖြစ်တယ်။

(၁) သံဓာတ်အားနည်းလို့ နုံးချိနေတာဖြစ်နိုင်တယ်။ သံဓာတ်အားနည်းမှုကို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပိုမိုတွေ့ရတယ်။ လူကမောလည်းမော၊ နုံးလည်းနုံး၊ မကြာခဏ အသက်ရှူခက်တယ်။ လေ့ကျင့်ခန်းလုပ်ဖို့တောင် မဖြစ်နိုင်လောက်အောင် မောပန်းနုံးချိနေတယ်။ သွေးဖောက်စစ်ရင် သံဓာတ်ချို့တဲ့မှုဖြစ်နိုင်တယ်။ သွေးဟာ အောက်ဆီဂျင်လုံလုံလောက်လောက် သယ်ဆောင်နိုင်မှုချို့တဲ့ပါတယ်။ သံဓာတ်ချို့တဲ့ခြင်းကို သွေးအားနည်းခြင်းလို့ အလွယ်ခေါ်ပြီး မကြာခဏ အအေးမိမူးဝေ၊ ပျို့ချင်အန်ချင်၊ ခေါင်းမူးခေါင်းကိုက်တာ ဖြစ်တတ်တယ်။ သံဓာတ်အားကောင်းစေတဲ့ အသား၊ အသည်း၊ ကလီစာ၊ ပဲအမျိုးမျိုး၊ လတ်ဆတ်တဲ့ဟင်းသီးဟင်းရွက်များ စားပေးရမယ့်အပြင် သံဓာတ်အားဆေးလိုပါတယ်။

(၂) သိုင်းရွိုက်ပုံမှန်အလုပ်မလုပ်တာကြောင့်ဖြစ်နိုင်တယ်။ သိုင်းရွိုက်ပုံမှန်အလုပ်မလုပ်ရင် လူကနုံးချိနေရုံမက အရေပြားခြောက်၊ သွေး၊ ဝမ်းချုပ်၊ အားနည်းတာမျိုး ဖြစ်တတ်တယ်။ သိုင်းရွိုက်ဟော်မုန်း ပုံမှန်အလုပ်မလုပ်ခြင်းဆိုတာ ဟော်မုန်းလုံလုံလောက်လောက် မထွက်ခြင်းကြောင့်ဖြစ်နိုင်တယ်။ လိုတာထက်ပိုထွက်နေတာလည်း ပါဝင်တယ်။ ကျွမ်းကျင်တဲ့ဆရာဝန်နဲ့ ပြသစစ်ဆေးခံယူလိုက်ရင် သိုင်းရွိုက်အားနည်းခြင်းကြောင့်လား၊ ပုံမှန်ထက်တက်ကြွနေခြင်းကြောင့်လား ပေါ်လာမယ်။ ဆရာဝန်က သိုင်းရွိုက်ပုံမှန်ဖြစ်အောင် ညှိပေးမယ့်ဟော်မုန်းဆေး (သို့) သင့်တော်တဲ့ဆေးဝါးညွှန်းပါလိမ့်မယ်။

(၃) ဆီးချိုဖြစ်နိုင်ခြေရှိခြင်း၊ ဆီးချိုဖြစ်နေခြင်းကြောင့်လည်း ဖြစ်နိုင်တယ်။ သွေးထဲသကြားဓာတ် ပုံမှန်ထက်များရင် သွေးလှည့်စနစ်ထိခိုက်ကာ ခန္ဓာဆဲလ်များဆီ အောက်ဆီဂျင်လုံလုံလောက်လောက် မရောက်ဘဲဖြစ်တတ်တယ်။ လူဟာ မောပန်းနုံးချိလာတယ်။ သွေးတွင်းသကြားဓာတ်များလွန်ခြင်းက လူကိုမောပန်းနုံးချိစေသလို နည်းနေရင်လည်း မောပန်းနုံးချိစေတယ်။ သကြားဓာတ်နည်းလွန်းရင် ခန္ဓာကိုယ်အတွက်လိုအပ်တဲ့လောင်စာမရသလိုဖြစ်ကာ လူကပင်ပန်းလာတယ်။ ဆရာဝန်နဲ့ပြရမယ်။

(၄) စိတ်ဓာတ်ကျခြင်းကြောင့်လည်းဖြစ်နိုင်တယ်။ တစ်ချိန်လုံး လူကနုံးချိနေ၊ မနက်ကို အိပ်ယာထဲက မထွက်ချင်၊ ညဆိုရင် ကောင်းကောင်းမအိပ်ပျော်ဆိုရင် စိတ်ဓာတ်ကျခြင်းကြောင့်ဖြစ်နိုင်တယ်။ ကျွမ်းကျင်စိတ်ပညာဆရာဝန်နဲ့ပြသကာ စိတ်ကျန်းမာရေး စစ်ဆေးသင့်တယ်။ ဆရာဝန်က စနစ်တကျမေးခွန်းမေးစစ်ဆေးလိုက်ရင် လူနာရဲ့စိတ်ကျနေတဲ့အခြေအနေကို ရိပ်စားမိကာ ပြန်မြှင့်တင်ပေးလိမ့်မယ်။ အိပ်မပျော်ရင် အိပ်ဆေးညဖက်ပေးပြီး စိတ်ကျကုသဆေးပါပေးပါတယ်။ အအိပ်၊ အစားပုံမှန်ဖြစ်သွားရင် စိတ်ကျရောဂါကောင်းမွန်ပြီး နဂိုအတိုင်းပြေလည်သွားနိုင်တယ်။

(၅) ကလီစာယိုစိမ့်ခြင်းကြောင့် ဖြစ်နိုင်တယ်။ အစာလမ်းကြောင်းတစ်လျှောက် အူနံရံများယိုစိမ့်ခြင်းကြောင့် လူဟာ ပင်ပန်းနုံးချိရတတ်တယ်။ ပုံမှန်ဆိုရင် အူလမ်းကြောင်းက ယိုပေါက်ဟာပေါက်မရှိတဲ့ ပိုက်လိုပဲဖြစ်တယ်။ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ အာဟာရများကိုသာ အူနံရံကစုပ်ယူတယ်။ မလိုအပ်တာတွေကို လမ်းကြောင်းတစ်လျှောက် တွန်းပို့ကာ မစင်အဖြစ် စွန့်ထုတ်စေတယ်။ ခန္ဓာကိုယ်ထဲအရောက်မခံ၊ မိမိကအစားမဆင်ခြင်ဘဲ လူကိုအန္တရာယ်ဖြစ်စေနိုင်တဲ့ သဘာဝမဟုတ်တဲ့ပြုပြင်စီမံထားတဲ့ အစားအသောက်တွေ၊ အသင့်အမြန်စား အစားအစာတွေ (ဟမ်ဘာဂါ၊ ဆင်းဒဝစ်၊ ပီဇာ၊ အာလူးချောင်းကြော်) များစားရင် ဓာတုပစ္စည်းများပါဝင်လို့ အစာလမ်းကြောင်းနံရံများကို ပါးလွှာလျော့နည်းစေတယ်။ သွေးထဲမရောက်သင့်တဲ့ ပရိုတိန်းများပါ သွေးကြောထဲရောက်သွားပြီး ခန္ဓာကိုယ်ခုခံအားစနစ်က တုံ့ပြန်မှုများဖြစ်ပွားပြီး လူကမောပန်းနုံးချိလာရတတ်တယ်။

(၆) ကူးစက်ရောဂါဝင်ခြင်းကြောင့်လည်းဖြစ်နိုင်တယ်။ ခန္ဓာကိုယ်ခုခံအားစနစ်ကို အလွန်အမင်းတုံ့ပြန်မှုဖြစ်စေတဲ့ ကူးစက်ရောဂါမျိုးဝင်ခြင်းကြောင့်လည်း လူကမောပန်းနုံးချိနေတယ်။ ဘက်တီးရီးယားကြောင့်ဖြစ်သလို၊ ဗိုင်းရပ်စ်ကြောင့်လည်း ဖြစ်နိုင်တယ်။ ဘက်တီးရီးယားထဲက စထရပ်တိုကော့ခ်လပ် အီးကိုလိုင်း တိုက်ဖွိုက် (Streptocouus E.coli Thyphoid) ရောဂါများ၊ ဗိုင်းရပ်စ်ထဲက အသည်းရောင်ဘီ၊ စီ၊ အိပ်ချ်အိုင်ဗီခုခံအားကျ ကူးစက်မှုရောဂါတွေကြောင့် လူက ဘာမှလုပ်တာမဟုတ်ဘဲ နုံးချိနေတယ်။ အိပ်ပြီးရင်း အိပ်ချင်တယ်။ အိပ်ရေးဝတယ်မရှိဘူး ဖြစ်တတ်တယ်။ တုပ်ကွေးဖျားများဆိုရင်လည်း ပင်ပန်းနုံးချိနေတတ်တယ်။ ကျွမ်းကျင်တဲ့ ဆရာဝန်၊ မိသားစုဆရာဝန်များနဲ့ ပြသကာ တိကျလုံလောက်ပြည့်စုံတဲ့ ကုသမှုခံယူသင့်သလို နေထိုင်စားသောက်နည်းပါ မေးမြန်းရမယ်။ ကူးစက်ရောဂါပိုးသေချာရင် စနစ်တကျကုသမှုခံယူမှုသာ ပင်ပန်းနုံးချိမှုတွေပျောက်သွားမယ်။

(၇) ခဲဆိပ်စသည့် ဓာတုပစ္စည်းအဆိပ်သင့်ခြင်း။ ခဲဆိပ်သင့် (Lead Poinsining)၊ ပြဒါးအဆိပ်သင့်ခြင်း (Mercury Poinsining) ကို ဘက်ထရီလုပ်ငန်း၊ ရွှေလုပ်ငန်း၊ စက္ကူလုပ်ငန်းတွေမှာတွေ့ရတယ်။ အဆိပ်သင့်ရင် သွေးအားနည်းရောဂါနဲ့ ဗိုက်မတရားအောင့်ခြင်းခံစားရကာ နုံးချိနေတယ်။ ပြဒါးအဆိပ်သင့်ရင်၊ ပြဒါးအဆိပ်သင့်ငါး စသည့်ပင်လယ်စာများစားမိရင် မူးဝေခြင်း၊ နုံးချိခြင်းနှင့် အကြောတက်ခြင်းများ ဖြစ်နိုင်တယ်။

**ဒေါက်တာလွင်သန့်**

## 1882 Hotline ဝန်ဆောင်မှု စတင်ဖွင့်လှစ် သတင်းအချက်အလက်များ မေးမြန်းနိုင်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Blue Ocean Operation Management Co.,Ltd. တို့ပူးပေါင်းဆောင်ရွက်သော 1882 Hotline ဝန်ဆောင်မှုဖွင့်ပွဲကို ဒီဇင်ဘာလ ၂၁ ရက်နေ့ နံနက် ၈ နာရီက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမန္တလာဈေးပထမထပ်တွင် ကျင်းပခဲ့သည်။

1882 Hotline ဝန်ဆောင်မှု Mandalay Call Center ကို အစိုးရဌာနများနှင့်ပတ်သက်၍ အထွေထွေစုံစမ်းမေးမြန်းခြင်းများ ပြန်လည်ဖြေကြားအသိပညာပေးရန်၊ ရုံးဌာနများသို့ ကိုယ်တိုင်သွားရောက်စုံစမ်းရခြင်းကြောင့် အချိန်ကုန်ခြင်းအခက်အခဲများလျော့ပါးသွားစေရန်၊ ပြည်သူတို့၏လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး လူနေမှုဘဝပုံစံများ ပိုမိုမြင့်မားလာစေရန်ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး 1882 Hotline မှ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာနှင့် အခြားဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်းများ၊ အထွေထွေစုံစမ်းမှုများ၊ အကြံပြုဆွေးနွေးခြင်းများကို ၂၄ နာရီဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**



# ယုံကြည်မှုအကြောင်း (အတွေးအမြင်)

တစ်ခါက လူငယ်လေးတစ်ယောက်ဟာ သူ့အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့အတွက် သူနေတဲ့နယ်မြို့လေးတစ်မြို့ကနေ မြို့ကြီးပြကြီးတစ်နေရာကိုသွားဖို့ သူ့မိဘကို ခွင့်တောင်းပါတယ်။ ဒါပေမဲ့ သူ့မိဘတွေက သူ့ကိုခွင့်မပြုခဲ့ပါဘူး။ သူတို့သားအတွက် သူတို့စိုးရိမ်စိတ်ပူပန်တာကြောင့်လို့ ဆိုပါတယ်။ ဘာကိုစိုးရိမ်ပူပန်ရတာလည်းဆိုတော့ တစ်ခုခုဖြစ်သွားမှာစိုးလို့တဲ့လေ။ မိဘတွေကတင် သူ့ကိုမသွားစေချင်တာလားဆိုတော့ မဟုတ်ပါဘူး။ ဆွေမျိုးအသိုင်းအဝိုင်းကရော၊ နီးစပ်ရာပတ်ဝန်းကျင်ကပါ မသွားစေချင်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီမြို့ကလူလိမ်၊ လူညာ၊ လူရှုပ်တွေ အရမ်းပေါပြီး သူနဲ့အံဝင်ခွင်ကျဖြစ်မှာမဟုတ်ဘူးတဲ့။ သူနေတတ်ထိုင်တတ်မှာ မဟုတ်ဘူးတဲ့။ နောက်ဆုံးသူနဲ့ အရင်းနှီးဆုံးသူငယ်ချင်းကတောင် သူ့ကိုအားပေးထောက်ခံခဲ့တာတွေ မပြုခဲ့ပါဘူး။




ဒီတော့ လူငယ်လေးဟာ ဘေးပတ်ဝန်းကျင်ရဲ့စကားတွေကို ကြားယောင်ပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကင်းမဲ့ရာကနေ ယုံကြည်မှုပျောက်ဆုံးသွားတဲ့အထိ ထိခိုက်ခံစားခဲ့ရပါတယ်။ ဒီလိုနဲ့သူ့အိပ်မက်တွေ တစ်စတစ်စပျောက်ဆုံးလာခဲ့ပြီး အဲဒီမြို့လေးမှာပဲ သူဟာ မထင်မရှားနဲ့ အသက်ထက်ဆုံး နေထိုင်သွားခဲ့ရပါတယ်။

× × ×

**ယုံကြည်မှုအမျိုးမျိုး**

လူ့လောကမှာ ယုံကြည်မှုအမျိုးမျိုးရှိပါတယ်။ နိုင်ငံရေးယုံကြည်မှု၊ ဘာသာရေးယုံကြည်မှု၊ အနုပညာယုံကြည်မှု၊ ဘဝရပ်တည်ရေးယုံကြည်မှု စသဖြင့်။

ယုံကြည်မှုနဲ့ပတ်သက်ရင် တစ်ဦးတစ်ယောက်တည်း ခံယူကျင့်သုံးထားတဲ့ ယုံကြည်မှုရှိမယ်။ လူတစ်စု၊ တစ်ဖွဲ့ခံယူကျင့်သုံးထားတဲ့ ယုံကြည်မှုရှိမယ်။ နိုင်ငံတစ်နိုင်ငံက ခံယူကျင့်သုံးနေတဲ့ ယုံကြည်မှုရှိမယ်။ ယုံကြည်မှုတွေက သက်ဆိုင်ရာနေရာဒေသအလိုက်၊ ဘာသာရပ်အလိုက်၊ လူမျိုးရေးအလိုက် ကွဲပြားခြားနားပြီး အရောင်စုံနေတာတွေရှိတယ်။

**မိမိကိုယ်ကိုယုံကြည်မှု**

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစေဖို့က ကိုယ်တိုင်သာအဓိကပါဝင်ရတဲ့ အခန်းကဏ္ဍကို ပြောပြနေပါတယ်။ အလုပ်တစ်ခုကို ကိုယ်ဘယ်လောက်ထိလုပ်နိုင်မလဲ၊ ဘယ်အချိန်ထိလုပ်နိုင်မလဲ၊ ကိုယ်လုပ်နေတဲ့အလုပ်တစ်ခုက ဘယ်လောက်အထိအကျိုးသက်ရောက်မှုရှိမလဲဆိုတာ ကြိုတင်တွေးမြင်သုံးသပ်ဖို့က မိမိရဲ့အရည်အချင်း၊ အစွမ်းအစကို မိမိကိုယ်တိုင်သာ သိမြင်နေပြီးသားဖြစ်နေပါတယ်။ ဒါဟာ မိမိရဲ့ယုံကြည်မှုပါပဲ။ မြားတစ်စင်းကို အကွာအဝေးဘယ်လောက်ထိအောင် ပစ်နိုင်မလဲဆိုတာက မြားပစ်သူမိမိလက်ရဲ့ အရည်အချင်းကို ယုံကြည်စိတ်ချနေသလိုပါပဲ။

**သူတစ်ပါး၏ယုံကြည်မှု**

မိမိအပေါ်ကို သူတစ်ပါးကယုံကြည်ဖို့ဆိုတာက နှစ်ဦးနှစ်ဖက်ရဲ့အခန်းကဏ္ဍတွေပါဝင်လာပြီ။ မိမိကလည်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိဖို့လိုပါတယ်။ မိမိမှာ ဘယ်လောက်အစွမ်းအစရှိပြီး ပတ်ဝန်းကျင်ကလူတွေ၊ မိမိရဲ့မိဘဆွေမျိုးအသိုင်းအဝိုင်းတွေကလည်း မိမိကိုယုံကြည်နားလည်ပေးဖို့ လိုအပ်လာပါတယ်။ မိမိကိုယုံကြည်နားလည်ပေးခြင်းဖြင့် မိမိကိုမြှင့်တင်ရာရောက်တယ်ဆိုတာကိုလည်း ထိုသူတွေသိနားလည်ရပါမယ်။

**ယုံကြည်မှုကိုယ်ခံအားနည်းခြင်း**

စောစောကပြောတဲ့ လူငယ်လေးမှာယုံကြည်မှုတွေ ပျောက်ဆုံးသွားရတာကတော့ မိဘဆွေမျိုးအသိုင်းအဝိုင်းရဲ့ ယုံကြည်ခြင်းကိုမခံရတဲ့အပြင် သူကိုယ်တိုင်မှာရှိတဲ့ ယုံကြည်မှုဆိုတဲ့အရာဟာလည်း အားနည်းတဲ့အချက်ကြောင့်ပါ။ တကယ်တော့ မိမိကိုယ်ကို ငယ်စဉ်ကတည်းက ယုံကြည်မှုအပြည့်အဝရှိတဲ့ သူတစ်ယောက်ဟာ အဘယ်သူတစ်ဦးတစ်ယောက်ကဖြစ်စေ တားဆီးတာတွေ၊ ပိတ်ပင်တာတွေ၊ ခြောက်လှန့်တာတွေရှိနေသည့်တိုင် သူဟာသူ့ယုံကြည်မှုနောက်ကိုပဲ မတွန့်မဆုတ်၊ မြဲမြံတဲ့ခြေလှမ်းတွေနဲ့ ပန်းတိုင်ကိုအရောက်သွားမှာပါပဲ။ (သူပန်းတိုင်ကိုရောက်တာနဲ့ သူ့ကိုမယုံကြည်တဲ့သူကလည်း ယုံကြည်လာကြမှာပဲ။)

ငယ်စဉ်ကတည်းက ယုံကြည်မှုကိုယ်ခံအားနည်းတဲ့သူကျတော့ သူဟာ သူ့ကိုယ်သူရဲ့ယုံကြည်မှုအပြည့်အဝမရှိတတ်တော့ ဘေးကယုံကြည်မှုတွေပါ ထပ်ဆောင်းအားဖြည့်ပြီး သူ့ယုံကြည်မှုကို တည်ဆောက်ရပါတယ်။ အဲသလိုဘေးအဝန်းအဝိုင်းရဲ့ယုံကြည်မှုတွေဝိုင်းရံပြီး သူလိုချင်တဲ့အရာကိုရအောင် ခွန်အားဖြည့်ပေးမှသာ သူပန်းတိုင်ရောက်နိုင်တာပါ။

အဲသလိုယုံကြည်မှု ကိုယ်ခံအားနည်းသူတွေက အသိုင်းအဝိုင်းရဲ့ယုံကြည်မှုဆိုတာမရတဲ့အခါမှာ လွယ်လွယ်ကူကူ လက်လျှော့တတ်ပြီး နောက်ဆုံးမှာ သူ့ကိုယ်မှာရှိတဲ့နည်းပါးတဲ့ ယုံကြည်မှုဆိုတာတောင် ပျောက်ချင်မလှ ပျောက်သွားတတ်ပါတယ်။

**မင်းလုပ်နိုင်တယ်၊ မင်းလုပ်ရမယ် (You can)**


ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားတွေမှာ တော်တော်များများကြည့်ဖူးကြမှာပါ။ အခက်အခဲတစ်စုံတစ်ရာရှိတိုင်း (မိဘက သားသမီးကိုဖြစ်ဖြစ်၊ ဆရာက တပည့်ကိုပဲဖြစ်ဖြစ်၊ သူငယ်ချင်းအချင်းချင်းပဲဖြစ်ဖြစ်) အဲဒီအခက်အခဲကို မင်းကျော်လွှားအောင်မြင်နိုင်မယ်လို့ အားပေးစကား၊ ယုံကြည်စကားပြောတတ်ကြပါတယ်။ အဲဒီလိုစကားပြောတဲ့သူတွေက ထိုသူရဲ့ပင်ကိုယ်အရည်အချင်းကို ယုံကြည်တာထက် ထိုသူလုပ်ဆောင်နိုင်အောင် တွန်းအားပေးတဲ့စကားလို့ ကျွန်တော်ထင်မြင်မိပါတယ်။

လမ်းမလျှောက်တတ်သေးတဲ့ ကလေးကို 'ရပ်နိုင်ပေ့၊ ရပ်နိုင်ပေ့' ဆိုပြီး လက်ခုပ်တီးအားပေးတဲ့မိဘတွေလိုပေါ့။ လူတစ်ယောက်ကို လုပ်တတ်တယ်၊ လုပ်နိုင်တယ်ဆိုတဲ့စကားနဲ့ တစ်ခွန်းပဲဖြစ်ဖြစ် အားပေးအားမြှောက်ပြုရုံနဲ့ ထိုသူအတွက် အနည်းဆုံးခြေတစ်လှမ်းဖြစ်ဖြစ် လှမ်းနိုင်မှာပါ။

တစ်ခါတလေတော့လည်း မိမိကိုယ်ကိုယုံကြည်မှုဆိုတာက အဓိကကျတယ်လို့ထင်ရပေမယ့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းရဲ့ ယုံကြည်တွန်းအားပေးမှုကလည်း တကယ်လိုအပ်၊ တကယ်အရေးပါကြောင်း ယုံကြည်မှုနဲ့ပတ်သက်ပြီး ကျွန်တော်တွေးနေမိပါတယ်။ **မင်းညတာရာ**

---

# ရောင့်ရဲလွယ်ပါစေ




✦
သူ့ရဲ့လိုအင်
ကိုယ့်လိုအင်တို့
အင်နှစ်အင်ပြင်
မဆင်ခြင်ဘဲ
အင်ပါများက
ရန်ဖြစ်ရ၏...။

✦
ဘဝနှစ်ခု
တစ်ခုဘဝ
ကျနစုံလောက်
တည်ဆောက်ကြရာ
များစွာဆန္ဒ
ဖြစ်ပေါ်ကလျှင်
စိက တစ်ခု
ရွေးချယ်မှုသာ
ပြုလေရာဘိ...။

✦
သူကားတစ်ဖုံ
ကိုယ်တစ်ဖုံဖြင့်
ပြည့်စုံလိုအင်
တပ်မက်ခင်က
စိတ်တွင်ပင်ပန်း
ရှုပ်ပါနွမ်းလျက်
မချမ်းမသာ
ရှိလေရာ၏
မြာမြာဆန္ဒ ထိန်းသိမ်းမှ
ပူပန်ရသမျှ ကင်းငြိမ်းရ...။

**ဝင်းမြင့်ဦး**

## နိုင်ငံခြားခရီးသွားများ ရွှေချယွန်းထည်များကို ဝယ်ယူမှုများပြား



ပြည်တွင်းသို့လာရောက်လည်ပတ်သော နိုင်ငံခြားခရီးသွား ဧည့်သည်များအနေဖြင့် ရွှေချထားသောယွန်းထည်များကို ဝယ်ယူမှုများပြားလာကြောင်း မြန်မာ့ယွန်းထည်လုပ်ငန်း လုပ်ကိုင်သူများထံမှသိရသည်။

နိုင်ငံခြားခရီးသွားဧည့်သည်များသည် ယခင်က တခြား လက်မှုယွန်းထည်များကို စိတ်ဝင်စားကြသော်လည်း ယခုအခါ ရွှေချထားသည့်ယွန်းထည်များကိုသာ ဝယ်ယူမှုများပြားလာသည်။ တချို့နိုင်ငံခြားဧည့်သည်များမှာ မိမိလိုချင်သော ယွန်းထည်ပုံစံများကိုပြသကာ အပ်နှံခြင်းများလည်းရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံခြားဧည့်သည်များသည် ရွှေချထားသော ယွန်းထည်များနှင့်ဆက်နွယ်သည့် ရွှေဆိုင်းလုပ်ငန်းများကိုလည်း လာရောက်လေ့လာကြသည်။ ရွှေဆိုင်းများပြုလုပ်ရာတွင် ရွှေတုံးကိုအပူပေးကာနန်းဆွဲပြီး ရွှေပြားဖြစ်အောင်ပြုလုပ်ရ၍ ရွှေဆိုင်းဖြစ်သည်အထိ ခြောက်နာရီခန့်ကြာပြုလုပ်ရကြောင်းသိရသည်။

ရွှေချထားသော ယွန်းထည်များကို ဈေးကွက်ပိုမိုရရှိရေးအတွက် တခြားမြန်မာ့ယဉ်ကျေးမှုလက်မှုလုပ်ငန်းများနှင့်ချိတ်ဆက်ကာ ဈေးကွက်မြှင့်တင်ရေးများလည်း ဆောင်ရွက်ရန်ရှိကြောင်း သိရသည်။

**ဟိန်းသူ**

## ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်သီးနှံရရှိရန် တာဝန်ယူမှုကို ခွဲဝေယူရန်လို



ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်သီးနှံများရရှိနိုင်ရန်အတွက် အခြေခံအားဖြင့်တာဝန်ရှိသူမှာ တောင်သူများဖြစ်သကဲ့သို့ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စားသုံးသူစားပွဲပေါ်ရောက်သည်အထိ အဆင့်ဆင့်တာဝန်ယူမှုအပိုင်းကို တာဝန်ယူရန်လိုအပ်ကြောင်း နိုင်ငံတကာစိုက်ပျိုးရေး၊ အစားအသောက်နှင့်အာဟာရဆိုင်ရာပညာရှင် ဒေါက်တာခင်မာချိုကပြောသည်။

ထို့ပြင်နည်းပညာပေးနေသည့် ပညာရှင်များနှင့်မူဝါဒချမှတ်သူများအနေဖြင့်လည်း မိမိတာဝန်ကိုခွဲဝေယူရန်လိုအပ်ကြောင်းသိရသည်။ ၂၀၁၁ ခုနှစ်မှစ၍ အစိုးရမဟုတ်သောအဖွဲ့အစည်းပေါင်း ၂၀၀ ကျော်မှနည်းပညာပံ့ပိုးမှုများ၊ အသိပညာပေးမှုများ၊ ငွေကြေးပိုင်ဆိုင်ရာထောက်ပံ့မှုများကို လုပ်ဆောင်ပေးသော်လည်း အမှန်တကယ်လက်ခံကျင့်သုံးသည့်တောင်သူများအနေဖြင့် ပြန်လည်အသုံးချသည့် အရည်အသွေးအားနည်းမှုများကြောင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်အာဟာရရရှိရေးအတွက် အလှမ်းဝေးနေသေးကြောင်းသိရသည်။

ကျန်းမာရေးအသိပညာနှင့်ပတ်သက်သည့် ဗဟုသုတနည်းပါးမှုများကြောင့် အောက်ခြေလူတန်းစားများသာမက အလွှာပေါင်းစုံလူတန်းစားများအထိ ဆေးရုံ၊ ဆေးခန်းများတွင် လူနာများနေ့စဉ်မပြတ်ရှိနေသည်။

**မြို့သားလေး**

## ပထမဆုံးအကြိမ်ကျင်းပပြုလုပ်မည့် အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီး ကျင်းပပြုလုပ်မည်




မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရန်မျှော်မှန်း၍ မြန်မာ့ရိုးရာအစားအစာများအား ဖော်ထုတ်သည့်အနေဖြင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ ပထမဆုံးအကြိမ်ကျင်းပပြုလုပ်မည်ဖြစ်သော အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက်အလွတ်တန်းပြိုင်ပွဲကြီးနှင့် ဈေးရောင်းပွဲတော်အား ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းရှိ မိုင်တာကွင်း၌ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှ ၂၉ ရက်နေ့အထိ နံနက် ၁၀ နာရီမှ ည ၁၀ နာရီအထိ ၅ ရက်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်တော့မည်ဖြစ်သည်။

ယခုအခါ ပြောင်းလဲလာသော ခေတ်နှင့် အစားအသောက်ဓလေ့စရိုက်များအရ ထမင်းနှင့်ဟင်းချက်ပြုတ်လှူဒါန်းသော အလှူကြီးများနည်းပါးလာသကဲ့သို့ ပညာရှင်များလည်းနည်းပါးလာပြီး တိမ်မြုပ်လုနီးနီးဖြစ်နေသော မြန်မာ့အိုးကြီးချက်ပညာရပ်များ ပြန်လည်ဖော်ထုတ်နိုင်စေရေး၊ အကျိုးအမြတ်ကိုမကြည့်ဘဲ စေတနာရှေ့ထားကူညီတတ်ကြသော အိုးသူကြီးများအား ချီးမြှင့်မြှောက်စားပေးနိုင်ရန်နှင့် မြန်မာ့ရိုးရာအစားအသောက်ကဏ္ဍ ပိုမိုမြင့်မားလာစေရန်အတွက်ရည်ရွယ်၍ အဆိုပါ အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အကြီးတန်းဒုတိယဥက္ကဋ္ဌ (၂) ဒေါ်တင်မာမြင့်က 'အဓိကတော့ မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းကနေ တိမ်မြုပ်နေတဲ့ မြန်မာ့ရိုးရာအစားအသောက်များကို ဖော်ထုတ်သွားမှာပါ။ မြန်မာလူမျိုးများရဲ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာအရ အလှူအတန်းများကို ပြုလုပ်တာဖြစ်တဲ့အတွက်ကြောင့် တိမ်မြုပ်နေတဲ့ အိုးသူကြီးများကို ဖော်ထုတ်လိုက်ခြင်းလည်းဖြစ်ပါတယ်။ အိုးကြီးချက်တယ်ဆိုတာ တော်ရုံလူချက်ပြုတ်လို့မရပါဘူး။ စံချိန်စံညွှန်း ပညာသားလည်းပါပါတယ်။ ပြိုင်ပွဲအတွက် အဖွဲ့ပေါင်း ၈ ဖွဲ့ကစပြိုင်မှာဖြစ်ပြီး နောက်ဆုံး Final အဆင့်မှာ ပထမဆုဆွတ်ခူးရရှိသူကို ဆုပေးအပ်ချီးမြှင့်သွားမှာပါ' ဟုပြောသည်။

အဆိုပါ ပြိုင်ပွဲကျင်းပရေးကော်မတီမှ အတွင်းရေးမှူး (၂) ဦးရဲဝင်း (ခ) ဦးပြုံးချိုက 'ဒီလို ပြိုင်ပွဲလုပ်ခြင်းအားဖြင့် မြန်မာ့ရိုးရာအစားအသောက်များကို တစ်နည်းအားဖြင့် ပြန်လည်ဖော်ထုတ်လိုက်ခြင်းလည်းဖြစ်ပါတယ်။ ပြိုင်ပွဲမှာလည်း လူ ၇ ယောက်တည်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခိုင်းမှာပါ။ အဓိကတော့ ဒီပြိုင်ပွဲလုပ်ရခြင်းကလည်း ပြည်သူများအတွက် အခြေအနေအရ အသင့်အစားအသောက်များကို လှူဒါန်းနေရတာထက်စာရင် ထမင်း၊ ဟင်း၊ အရံဟင်းများကို ဖွယ်ဖွယ်ရာရာ လှူဒါန်းလာနိုင်ကြအောင်လို့ပါ။ ပြီးတော့ ပြိုင်ပွဲမှာယှဉ်ပြိုင်ကြမယ့် အိုးသူကြီးများအနေနဲ့လည်း အလှူတစ်ခုကြုံလာတဲ့အခါကျရင် အချိန်မီဘယ်လိုစီမံခန့်ခွဲချက်ပြုတ်နိုင်ကြမလဲဆိုတာသာ အဓိကကျတာဖြစ်တဲ့အတွက် အိုးသူကြီးများအတွက်လည်း ပြိုင်ပွဲစီစဉ်ပေးလိုက်ခြင်း ဖြစ်ပါတယ်။ အဓိကတော့ ဒီပြိုင်ပွဲမှာ ဧရာဝတီတိုင်းဒေသကြီးဘက်က အလှူထမင်း၊ ဟင်းချက်တဲ့အိုးသူကြီးတွေ၊ အထက်မြန်မာပြည်ကသူတွေအပါအဝင် နေပြည်တော်နဲ့ မန္တလေးမြို့ဘက်ကသူတွေလည်း ပွဲတော်မှာဝင်ရောက်ယှဉ်ပြိုင်ကြပါလိမ့်မယ်' ဟုရှင်းပြသည်။

အဆိုပါပြိုင်ပွဲ၌ ဆုဆွတ်ခူးရရှိသည့် မြန်မာ့ရိုးရာအိုးကြီးချက်အလွတ်တန်းပြိုင်ပွဲမှ အိုးသူကြီးများအား ပထမဆုငွေကျပ် သိန်း ၅၀၊ ဒုတိယဆု ငွေကျပ် သိန်း ၃၀ နှင့် တတိယဆုငွေကျပ် သိန်း ၂၀ အပါအဝင် ဆုတံဆိပ်များအား ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာပျော်ပွဲရွှင်ပွဲများဖြစ်သည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ၊ အိုးစည်ဒိုးပတ်အကပြိုင်ပွဲများ၊ ကလေးကစားပွဲများနှင့် တိမ်မြုပ်ပျောက်ကွယ်စပြုနေပြီဖြစ်သည့် ခား၊ လုံ့ပြိုင်ပွဲများ၊ ပူစီဖောင်းပြိုင်ပွဲများနှင့် အခြားပျော်ပွဲရွှင်ပွဲများ၊ ဈေးဆိုင်ခန်းများအား ထည့်သွင်းပြသသွားမည်ဖြစ်ကာ မြန်မာ့ရိုးရာအိုးကြီးချက်ပြုတ်ပြီးစီးပါက ညနေ ၄ နာရီမှစတင်၍ ပွဲတော်လာပရိသတ်လူဦးရေ ၂,၀၀၀ ကျော်အား စတုဒိသာကျွေးမွေးခြင်း အစီအစဉ်များပါဝင်ကြောင်းသိရပြီး အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီးနှင့် ဈေးရောင်းပွဲတော်ကြီးအား နှစ်စဉ်ကျင်းပပြုလုပ်ရန် စီစဉ်ထားကြောင်းနှင့် မန္တလေးစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းမှ ဗဟိုနှင့်ပူးပေါင်း၍ Siminar ပြုလုပ်ရန်စီစဉ်ထားကြောင်း မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

**KMC**

မျက်နှာဖုံး မှ-

# စဥ့်ထည်ပစ္စည်းထုတ်လုပ်မှုကဏ္ဍတွင် မိရိုးဖလာမှသည် ပြောင်းလဲမှု Design သစ်ဆီသို့

ခင်သေးလတ်




မြန်မာ့စဥ့်ထည်၊ မြေထည်ရိုးရာယဥ်ကျေးမှုသည် စစ်ကိုင်းတိုင်းဒေသကြီးတွင် အခိုင်အမာတည်ရှိသည်မှာ အလောင်းဘုရားလက်ထက်ကတည်းကပင်ဖြစ်ပါသည်။ ၁၈ ရာစု (၁၇၅၂-၁၇၆၀) တွင် အလောင်းဘုရားသည် စစ်ပွဲတွင်ဖမ်းဆီးရရှိခဲ့သော မွန်လူမျိုး ၅,၀၀၀ ဦးဖြင့် မအူရွာနှင့်အုန်းပင်ရွာတို့တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် ဘဝအနေခိုင်မာစေရန် ကြွေထည်မြေထည်လုပ်ငန်းကို ပထမဆုံးစတင်လုပ်ကိုင်စေခဲ့ပါသည်။ အိုးလုပ်သည့် သဘာဝရွှံ့စေးများသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့နယ်တွင် အမြောက်အမြားထွက်ရှိသောကြောင့် ၁၉၆၀ ခုနှစ်တွင် မအူရွာနှင့်အုန်းပင်ရွာတို့မှ တောင်ဘက် ၆ မိုင်ခန့်ကွာဝေးသောယခုနေရာ ကျောက်မြောင်းမြို့သို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ကြပါသည်။

စဥ့်ထည်အမြောက်အမြားထုတ်လုပ်ရာ ကျောက်မြောင်းမြို့သည် မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်အတွင်း၌တည်ရှိပါသည်။ ရွှေဘိုမြို့၏အရှေ့ဘက် ၁၇ မိုင်ခန့်အကွာနှင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်း၊ မန္တလေးမြို့၏မြောက်ဘက် ၄၆ မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ ကျောက်မြောင်းမြို့တွင် ရပ်ကွက် ၄ ခုရှိပြီး ၄င်းတို့မှာနွယ်ငြိမ်း၊ ရွှေခွန်၊ ရွှေထိုက်နှင့် မလားရပ်ကွက်တို့ဖြစ်ပါသည်။ နွယ်ငြိမ်းရပ်ကွက်တွင် အိုးထုတ်လုပ်သည့်အကြီးစားလုပ်ငန်းများအဓိကတည်ရှိပါသည်။ ၄င်းအပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေးမြို့၊ ရှမ်းပြည်နယ်အတွင်းရှိ အင်းလေးဒေသများတွင်လည်း ထုတ်လုပ်လျက်ရှိပြီး စက်ဘ္ပုမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်သို့ လစဥ်ကွန်တိန်နာ ၂ လုံးမှ ၃ လုံးအထိ တင်ပို့နိုင်ပြီး နိုင်ငံခြားဝင်ငွေ ရှာဖွေပေးလျက်ရှိသော ရိုးရာယဥ်ကျေးမှုလုပ်ငန်းတစ်ခုအဖြစ် ဂုဏ်ယူစွာတည်ရှိနေပါသည်။

မြန်မာ့ရိုးရာစဥ့်ထည်ထုတ်လုပ်မှုအဆင့်ဆင့်မှာလည်း မိရိုးဖလာနည်းအတိုင်း ရိုးရှင်းလှပါသည်။ ကမ္ဘာ့စဥ့်ထည်ဈေးကွက်အတွင်း ယှဥ်ပြိုင်ဘက်နိုင်ငံများမှာ ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဂျပန်၊ တရုတ်နှင့် ဥရောပနိုင်ငံများဖြစ်ပါသည်။ **ဈေးကွက်ရရှိရေးယှဥ်ပြိုင်ရာတွင် အရည်အသွေးကွာဟချက်၊ Research and Innovation ကွာဟချက်၊ Production Design ကွာဟချက်တို့ကြောင့် ဈေးကွက်ခိုင်မာစွာရရှိရန် ကွက်လပ်ကလေးများစွာလိုအပ်နေပါသည်။ ဖော်ပြပါကွက်လပ်ကလေးများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက်** စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာနသည် နယ်သာလန်နိုင်ငံ PUM Netherland Senior Experts အဖွဲ့အစည်း၏ အကူအညီကိုရယူ၍ ပြောင်းလဲမှုများဆောင်ရွက်ပေးခဲ့ပါသည်။

ထိုသို့ပြောင်းလဲမှုများဆောင်ရွက်ရာတွင် ပြည်တွင်းသုံးစွဲမှုသာမက နိုင်ငံခြားဝင်ငွေ တစ်ဖက်တစ်လမ်းမှ ရရှိနေသော ‘ရိုးရာစဥ့်ထည်ပစ္စည်းထုတ်လုပ်မှုကဏ္ဍတွင် မိရိုးဖလာမှသည် ပြောင်းလဲမှုဒီဇိုင်းသစ်ဆီသို့’ ပြောင်းလဲမှုပြုလုပ်ခဲ့ခြင်းဖြင့် ရရှိလာသည့်အကျိုးများကို အများပြည်သူလုပ်ငန်းရှင်များ သိရှိလိုက်ပါဆောင်ရွက်နိုင်ရန် ကောက်နှုတ်တင်ပြရမည်ဆိုလျှင်-

**(က) အသုံးပြုသည့် Material ပြောင်းလဲခြင်း**

ယခင်ကာလက မြေနီကုန်ကြမ်းများ၊ မြေဝါကုန်ကြမ်းများကို အဓိကထားအသုံးပြုခဲ့ရာမှ ၄င်းမြေသားကုန်ကြမ်းတွင် ရွှံ့သားပိုမိုကောင်းမွန်စေသည့် Ball Clay ရောစပ်၍ အသုံးပြုခြင်းဖြင့် ရွှံ့စေးမှာပိုမိုကောင်းမွန်လာပြီး ပျော့ပျောင်း၍ အိုးပုံသွင်းရာတွင်အဆွဲအဆန့်ဒဏ် ပိုမိုခံနိုင်ရည်ရှိလာခြင်း၊ မီးပေးရာတွင် မီးဒဏ်ပိုမိုခံနိုင်ရည်ရှိလာခြင်းနှင့် အိုးအသားကျစ်၍ ပိုမိုကောင်းမွန်မာကြောလာစေမည်ဖြစ်ပါသည်။

**(ခ) Production Design ပြောင်းလဲခြင်း**

စဥ့်အရောင်ပုံဖော်ခြင်းတွင် ရှမ်းပြည်နယ်ဒေသထွက် ချော်ညို၊ ချော်ဝါများ အစေးခာတ်အတွက်မြေဖြူ၊ အထောက်အကူပစ္စည်းအဖြစ် လက်ချား (Borax)၊ အောက်ခံအရောင်ပိတ်အတွက် ဒုတ္တာ ($CuSo_4$) နှင့် Cobalt Oxide တို့ကို အသုံးပြုနေသည့်နေရာတွင် အရောင်ဖောက်မြင်နိုင်သည့် အထောက်အကူပစ္စည်း Tin Oxide ကိုထည့်သွင်းအသုံးပြု၍ စဥ့်အရောင်ထွက် ဒြပ်ပစ္စည်းများ၊ စဥ့်အရည်ပျော်မှတ်နိမ့်စေသည့် ဒြပ်ပစ္စည်းများ၊ အရောင်ခြယ်ပစ္စည်းများကို သတ်မှတ်အချိုးအစားအတိုင်း ချိန်တွယ်ရောစပ်ကာ လျှပ်စစ်ဖိုတွင် ထည့်သွင်းအရောင်ဖော်စပ်၍ အသုံးပြုစေခြင်းဖြင့် ပိုမိုကောင်းမွန်သည့် စဥ့်ထည်ကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

**(ဂ) Machine Design ပြောင်းလဲခြင်း**

ယခင်ကာလက မြေကြီးနှင့်ကပ်လျက်တည်ဆောက်ထားသည့် လက်လှည့်သစ်သားဘီးအစား လျှပ်စစ်နှင့်လည်ပတ်သည့် Electric Potter Wheel အား ဒီဇိုင်းဆွဲထုတ်လုပ်အသုံးပြုခြင်းဖြင့် အချိန်ကုန်သက်သာစေခြင်း၊ တစ်ယူနစ်ထုတ်လုပ်မှုတန်ဖိုး လျော့နည်းစေခြင်း၊ လုပ်အားသက်သာစေခြင်းများ ဖြစ်ပေါ်လာစေပါသည်။

**(ဃ) မီးထိုးသည့်အုတ်ဖို Design ပြောင်းလဲခြင်း**


အကြီးစားစဥ့်ထည်များကို မူလထင်းမီးဖြင့်မီးထိုးသည့် အုတ်ဖိုကြီးများအစား လျှပ်စစ်ဖြင့်အပူပေးနိုင်သောဖိုများ၏ ဒီဇိုင်းကိုပြောင်းလဲ၍ မူလထင်းအစိမ်းများ၊ ရေမျောထင်းများ၊ ဝါးလုံးအခြောက်များကို မြောက်များစွာအသုံးပြုနေရသည့် ဖိုစနစ်မှ လျှပ်စစ်ဖိုစနစ်သို့ကူးပြောင်းဆောင်ရွက်ခြင်းဖြင့် မူလထင်းမီးဖိုကြီးနေရာတွင် မီးထိုးရက် ၃ ရက်၊ အအေးခံရက် ၂ ရက် ကြာမည့်အချိန်အစား အချိန် ၇ နာရီခန့်ဖြင့် ကုန်ချောများထုတ်လုပ်လာနိုင်မည်ဖြစ်သောကြောင့် ထုတ်လုပ်မှုလျင်မြန်လာခြင်းနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုများအား လျော့ချနိုင်သည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

**(င) Branding & Market Design ပြောင်းလဲခြင်း**


မိရိုးဖလာလုပ်ငန်းဖြစ်၍ Brand Name ကို ဂရုစိုက်လေ့မရှိဘဲ ထုတ်လုပ်လျက်ရှိရာ ကမ္ဘာ့ဈေးကွက်ဝင်နိုင်ရန်အတွက် Global Customer များ စိတ်ထဲတွင်အလွယ်တကူ စွဲထင်စေမည့် Brand Name (ဥပမာ - Royal Glaze, Colourful Glaze, Myanmar Style Pottery) စသည်ဖြင့် ဆွဲဆောင်မှုရှိအောင်ခင်းကျင်းပြသခြင်းဖြင့် ပြည်တွင်းသို့လာရောက်သည့် နိုင်ငံခြားသားခရီးသွားများအား ဆွဲဆောင်မည်ဖြစ်ပါသည်။ ၄င်းခရီးသွားများမှတစ်ဆင့် မြန်မာ့စဥ့်ထည်ပစ္စည်းများအား သယ်ဆောင်သွားပြီး ကမ္ဘာ့ဈေးကွက်သို့ Brand ထိုးဖောက်နိုင်မည်ဖြစ်ပါသည်။ Policy Maker များဘက်မှ Innovation Design ဖြင့် ထုတ်လုပ်ထားသော Variety Design များကို ပြခန်းများ၊ ပြပွဲများတွင် ပြသခွင့်ပေးခြင်း၊ နိုင်ငံတကာပြပွဲများ၌ ချိတ်ဆက်ပြသနိုင်ရန် စီစဥ်ဆောင်ရွက်ပေးခြင်း၊ ပြည်ပဖိတ်ခေါ်ပြပွဲများ ကျင်းပပေးခြင်းဖြင့် ပြည်တွင်း Resource များဖြစ်သောရွှံ့စေးနှင့် ရိုးရာအခြေခံနည်းပညာကို ဆင့်ပွား Design ပြောင်းလဲ၍ မြန်မာ့စဥ့်ထည်၊ မြေထည်ရိုးရာယဥ်ကျေးမှုလုပ်ငန်းမှတစ်ဆင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိနိုင်မည့် အခွင့်အရေးကောင်းများကို ရယူနိုင်မည်ဖြစ်ပါသည်။

စဥ့်ထည်လုပ်ငန်းများနည်းတူ အခြားသောလုပ်ငန်းများကိုလည်း ဆန်းသစ်တီထွင် Design ပြုပြင်ဆောင်ရွက်ပြီး စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအောက်ရှိ နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာန၊ ပြည်သူ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့နှင့် ထောက်ပံ့မှုအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုအား (Cooperative Participating) ဖြင့် ပြည်သူတို့၏လူနေမှုဘဝတိုးတက်မြင့်မားလာစေပြီး နိုင်ငံ၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**QUALITY IS A NEVER ENDING JOURNEY**



J&M 1994
John & Maung Co., Ltd.
Construction Chemicals, Waterproofing & Epoxy
Building (15), 2nd Floor, Tha Kywe Street,
Tamwe Township, Yangon. Ph: 095174522, 09-73090436
LAVATEX-2000
LAVATEX 2000
ECOPROOF - CWP
ECOSHIELD
ECOPROOF CWP
ECOSHIELD
Building (15), 2nd Floor, Tha Kywe Street,
Tamwe Township, Yangon. Ph: 095174522, 09-73090436

WIN WIN& MAY MAY
GROUP OF COMPANIES
SPECIALIZED IN:
DESIGN,PROJECT, MANAGEMENT,IPVT TESTING,T&C
*M & E PROJECT
*ACMV PROJECT
*INDUSTRIAL PROJECT:
.HOTEL
.HOSPITAL
.SHOPPING MALL
.DATA CENTER
.BREWERIES & SOFT DRINK FACTORY
.CLEAN ROOM- PHARMACEUTICAL
No. (90/91),Room No (1-B), Aung Thu Kha Strreet,Hantha Yeik Mon Housing,
Quarter (5),Kamayut Township, Yangon.
Tel : 09 797 625 113,09-250 910 788
Email: win21362@gmail.com




Sino Star
TOP MECH™
ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက် Multi Stories Car Parking System များနှင့်
အမြင့်တက် Platform List များ၊ စက်ရုံအလုပ်ရုံများနှင့် ကုန်လှောင်ရုံများအတွက် Warehouse lift များ၊
Yard Ramp များနှင့် Dock Leveler များ
Hot Line
09 799488777
09 798222399
Aung Thein Than CO.,Ltd.
No.64, Baho Road, Sanchaung Twonship, Yangon.
Tel: +951 508036,527074,534346,02 76469,067 27029 Fax : 527203
www.aungtheinthanmyanmar.com




HYUNDAI
FORKLIFT
GESAN
Atlas Copco
GENERATOR
● Diesel Forklift
● Battery Forklift
2 Tons to 25 Tons
ရောင်းရန်/ငှားရန်ရှိသည်
5 KVA to 2815 KVA
Hot Line
09 799688777
Aung Thein Than Co.,Ltd
ဆက်သွယ်ရန် - ဝိမိုးနင်းလမ်းနှင့် ရန်ကုန် - ပုသိမ်လမ်းဒေါင့်၊ လှိုင်သာယာမြို့နယ်
Tel :09 5004831, 09 73100850, 09 73100851, 01 527203, 02 76469
www.aungtheinthanmyanmar.com




ကျားမင်း တရုတ်မဆလာနှင့်ငရုတ်ကောင်းမှုန့်
ကျားမင်းမဆလာမှ မူလထုတ်လုပ်ထားသော ကျားမင်းတရုတ်မဆလာမှုန့်များနှင့် ကျားမင်းငရုတ်ကောင်းမှုန့်များအပြင် ကျားမင်းငရုတ်ကောင်းမှုန့်များအပြင်ကျားမင်းငရုတ်ကောင်းမှုန့်(အစစ်)ဘူး၊
ကျားမင်းနာနတ်ပွင့်မှုန့်(အစစ်)ဘူး၊ကျားမင်းချောက်ကော့မှုန့်(အစစ်)ဘူးများကို လှပသေသပ်သောဘူးငယ်များဖြင့် ထပ်မံထုတ်လုပ်ရောင်းချပေးနေပါသည်။
အမှတ် (၁၀)၊ အခန်း (၄)၊ မာဃလမ်း၊ (၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်၊
(၆၉- A+B)၊စပယ်ခြံ(၂)လမ်း၊(၁၁)ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။
01-511155,09 51 03143,09 86 25200

## တတိယအကြိမ်မြောက် Energy Efficiency Workshop ပြုလုပ်




စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိ စွမ်းအင်ခြိုးခြံချွေတာရေးဌာနသည် မြန်မာနိုင်ငံ၏စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေမူဘောင်တစ်ရပ်ပေါ်ထွက်လာရန်ရည်ရွယ်၍ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၁ ရက်နေ့အထိ တတိယအကြိမ်မြောက် Energy Efficiency Work-shop ကို စက်မှုဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည် ဂျပန်-မြန်မာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ဂျပန်နိုင်ငံ၊ Energy Conservation Center, Japan (ECCJ) မှ Expert များနှင့်ပူးပေါင်း၍ သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများမှဥပဒေပြုရေးလုပ်ငန်းကော်မတီဝင်များအား ဖိတ်ကြားကာ ကျင်းပခဲ့ခြင်းဖြစ်ပြီး စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးဥပဒေ (Energy Efficiency and Conservation Law) တစ်ရပ်ထွက်ပေါ်လာရေးအတွက် တက်ရောက်လာသူများမှ ကဏ္ဍပေါင်းစုံရှုထောင့်အမျိုးမျိုးဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

**အေးကေ**

## Soft Skill Capacity Upgrading သင်တန်း ဖွင့်လှစ်ပို့ချ

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအောက်ရှိ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီရုံးများမှ ဦးစီးဌာနမှူးများနှင့် SME လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိသော SME Lead များအတွက် Soft Skill Capacity Upgrading သင်တန်းကို ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ရုံးအမှတ် (၄၁) နေပြည်တော်၌ ဖွင့်လှစ်ပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းတွင် Honorary Fellow and Associate Member of ABE and Chartered Management Institute of UK ပါမောက္ခ ဦးအေးကျော်က ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ Quality မြှင့်တင်သည့် Public Service ဘာသာရပ်၊ ဌာနတွင်းစွမ်းဆောင်ရည်လက်



ဆင့်ကမ်းမြှင့်တင်ခြင်းဆိုင်ရာ Mentoring and Coaching ဘာသာရပ်၊ Bottom to Up Feedback ပေးခြင်းနှင့် ပူးပေါင်းပါဝင်မှုများမြှင့်တင်ခြင်းဆိုင်ရာ Effective Followership ဘာသာရပ်၊ Globalization နှင့်အညီ အပြောင်းအလဲများကိုကျော်လွှားနိုင်မည့် Overcoming Resistance to Change ဘာသာရပ်များအားပို့ချခဲ့ပြီး အဆိုပါသင်တန်းသို့ စက်မှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ)၊ ပြည်နယ်၊ တိုင်းဒေသကြီးရုံးများမှ ဦးစီးဌာနမှူးများနှင့် SME လုပ်ငန်းရှင်များကို ကြီးကြပ်ဆောင်ရွက်လျက်ရှိသော SME Lead များအပါအဝင် အရာထမ်း ၆၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

## အိမ်ထောင်ရှင်အလှမယ်များအား Style Plus H မှ သရဖူချီးမြှင့်မည်

မြန်မာအိမ်ထောင်ရှင်အမျိုးသမီးများ စိတ်ဝင်စားမှုမြင့်မားလာသည့် Style Plus H မှဦးစီးကျင်းပသော MRS HERITAGE 2017 အိမ်ထောင်ရှင်အလှမယ်များအား အသက်အပိုင်းအခြားအလိုက် Season များခွဲခြားပြိုင်ပွဲကျင်းပ၍ ထပ်တိုးသရဖူချီးမြှင့်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၃ ရက်နေ့က Orchid Hotel တွင်ကျင်းပသည့် MRS HERITAGE 2016 Winner ဆုရှင်အလှမယ်ပြည့်အား စာနယ်ဇင်းမီဒီယာများထံအပ်နှံခြင်းနှင့် အိမ်ထောင်ရှင်မများဖိတ်ခေါ်ခြင်းအခမ်းအနားတွင် နေရှင်နယ်ဒါရိုက်တာ ဒေါ်လှနုထွန်းကပြောကြားသည်။

Single Mother တွေ သတ်သတ်ရှိကြပါသေးတယ်။ အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်ကွဲသူ၊ အိမ်ထောင်ဖက်သေဆုံးသူ၊ အိမ်ထောင်ဖက်နဲ့အဆင်မပြေလို့ သားသမီးတွေနဲ့တစ်ယောက်တည်း ရပ်တည်နေရသူတွေအတွက် ပြိုင်ပွဲကျင်းပပြီး သရဖူပေးသွားမှာဖြစ်ပါတယ်။

'လှနုတို့အိမ်ထောင်ရှင်တွေအနေနဲ့က အနုပညာနယ်ပယ်ထဲဝင်ကြမယ့်သူတွေမဟုတ်ဘူး။ ခေါင်းဆောင်ကောင်းအနေနဲ့ ရပ်တည်မယ့်သူတွေသာဖြစ်တယ်။ ဒီလိုပြိုင်ပွဲကျင်းပတဲ့အတွက် သားသမီးတွေနဲ့အတူ စာဖတ်ဖြစ်တယ်။ မီးဖိုချောင်ထဲမှာ အချိန်မကုန်ဘဲ ကိုယ်တိုင်ကျန်းမာရေးအတွက်၊ အလှအပအတွက် လှုပ်ရှားဖြစ်လာတယ်။ ဒီအတွက် အချို့အိမ်ထောင်ဘက်အမျိုးသားကိုယ်တိုင်၊ သားသမီးတွေကိုယ်တိုင် သူတို့ရဲ့ဇနီး၊ မိခင်တွေရဲ့အလှကိုပြသချင်လို့ ကိုယ်တိုင်လာရောက်စာရင်းပေးသွင်းကြတာတွေရှိတယ်' ဟု ဒေါ်လှနုထွန်းက ပြောသည်။

**အိသူ**




## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## ဆေးဝါးလုပ်ငန်းသုံးတိရစ္ဆာန် အစားအစာ ၃ မျိုးအဝယ်တင်ဒါ

၁။ ဆေးဝါးစက်ရုံ (အင်းစိန်)၊ မြင်းနှင့်သိုးမွေးမြူရေးဌာန (ရန်ပယ်/ဟဲဟိုး) တို့အတွက် အောက်ပါတိရစ္ဆာန် အစားအစာ ၃ မျိုး အဝယ်တင်ဒါပိတ်ရက်အား အောက်ပါအတိုင်းတိုးမြှင့်လိုက်ပါသည်-

၂။ ဝယ်ယူမည့်ပစ္စည်းများ

| စဉ် | အမျိုးအမည် | အရေအတွက် | |
|---|---|---|---|
| (က) | ဂျုံဖွဲကြမ်း | ၁၂၅ | တန် |
| (ခ) | အစေ့ထုတ်ပြောင်း | ၃,၆၂၂ | တင်း |
| (ဂ) | ဖွဲနု | ၂,၇၉၅ | တင်း |

၃။ တင်ဒါပေးသွင်းရမည့် စက်ရုံ/ဌာန - ဆေးဝါးစက်ရုံ (အင်းစိန်)
မြင်းနှင့်သိုးမွေးမြူရေးဌာန (ရန်ပယ်)
မြင်းနှင့်သိုးမွေးမြူရေးဌာန (ဟဲဟိုး)

၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဌ၊ ဈေးနှုန်းစိစစ်ရေးကော်မတီ
ရုံးအမှတ် (၃၀)၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်။

၅။ တင်ဒါပိတ်ရက်နှင့်အချိန် (၅. ၁. ၂၀၁၇) မွန်းလွဲ (၄) နာရီ

၆။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)**
**ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်။ ဖုန်း-၀၆၇-၄၀၈၃၈၈**


SHWE PHON COMPANY LIMITED.
SFC (SF 2815D3)
WAW
SFC(SF-4015D)
SFC(SSF-3060)
Massey ferguson
Massey ferguson(Dozer)
TS604 Dozer
TS 504/554
TS 354
SP 344
SP 304
SP 304V


ASIA NAING ENTERPRISE LTD.
Authorized Dealer
Lion Head Brand (Food Color)
Globe (Sodium Saccharin)
Fangda (Sodium Cyclamate)
Mixed Sweeteners (100)
Potassium Sorbate
Baking Powder
YEAST Bakerdream
GCF Flavor
Calcium Propionate
Sodium Dehydroacetate
CMC-Na
Dextrose Monohydrate
Dextrose Anhydrate
Crystalline Fructose
WEIXING PAI (Sodium Cyclamate)
CORN STARCH
Malic Acid FUSO
Citric Acid Monohydrate
Sodium Citrate
Citric Acid
TTCA
Trisodium Citrate
Ammonium Bicarbonate
STPP
SODIUM BICARBONATE
The Biggest Supplier / Sole Agent
Food Additives (ISO 22000, ISO 9001, HACCP, HALAL, FDA Approved)
Chemicals for Textile Industry
- Vat Dyes , Reactive Dyes
- Direct Dyes , Disperse Dyes
- Naphtol , Solvent Dyes
- Pigment Dyes , Sulphur Dyes
- Acid Dyes , Agents for Dyeing & Printing
- Fast Color Bases , Fast Color Salts
Chemicals for Printing
Chemicals for Rubber Industry
Dyestuff and agent for Leather
Textile Machinery and Spare Parts
Sulphur Black
Hydro black
Sodium Hydrosulphite
SYM (85%), SYM (88%) (Sodium Hydrosulfite) (Fomate method)
(85%, 88%)
Sodium Benzoate
Benzoic Acid
Chemical Engineer
26-1 Portable Sealing Machines
Sealing Threads
Primusinks Pigments
Tiger Head
Yangon No.(82), Bogyoke Aung San Road, Pazundaung Township, Yangon, Myanmar.
Tel : (951) 200341, 294565, 290833, 9000792, (959) 9000790, Fax : (951) 202674 Email : symumn@gmail.com
Mandalay No. (123), 34th Street, Between 77th & 78th Street, Chan Aye Thar San Township, Mandalay.
Tel : (952) 32816, 31814, 64880, (959) 91002720 Email : asianaing82@gmail.com Website : www.asianaing.com.mm


Premier Plastic Industries Co., Ltd.
Office : No.130(A), Hlaythin Ahtwinwun U Cheint Street, Dagon Seikkan Industrial Zone (1), Yangon.
Tel: 95(1) 593670,95(1) 593671 Fax: 95(1) 593671 Email: premier.130@gmail.com


ADVANCE Seafood Indusrtries Co.,Ltd
TRANSOCEAN MARINE PAINT
KOSSAN
Litre
Quality
Kossan Paint
No. 127, Than Chatwun U Myu Road, Dagon Seikkan Industrial Zone, Yangon.
Ph: 01-592036, 01-592037, 01-593672, 01-593673, HP : 09-73196437, 09-259259339
Fax: 01-592036, 01-592037 Email: advance@myanmar.com.mm , advanceseafood@gmail.com


MIZUNO
THE NEW JPX 900 SERIES
#NOTHINGFEELSLIKEAMIZUNO
KM Golf Centre
Exclusive Distributor : Kaung Myat Co.,Ltd.
Sale contacts : 09-5089199, 09-73236363, 067-420799, 02-61332.

# 2017 CALENDAR

## January 2017

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | 31 | | | | |

## February 2017

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | | | | |

## March 2017

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

## April 2017

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | | | | | | |

## May 2017

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |

## June 2017

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | |

## July 2017

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | 31 | | | | | |

## August 2017

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 | 18 | 19 |
| 20 | 21 | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | 31 | | |

## September 2017

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |

## October 2017

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | 31 | | | | |

## November 2017

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | | |

## December 2017

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |
| 31 | | | | | | |

## နှစ်သစ်ဆုတောင်း

၂၀၁၇ နှစ်သစ်တွင်
လူသစ်၊ စိတ်သစ်၊
ခွန်အားသစ်များနှင့်အတူ
အတ္တ - ပရ နှစ်ဖြာမျှ၍
တိုင်းကျိုးပြည်ဆောင်
စွမ်းဆောင်နိုင်သူများ
ဖြစ်ကြပါစေကြောင်း
ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

စက်မှုအလင်း




## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## 1oz Plastic Bottle with Cap
## (၃,၇၀၀,၀၀၀) ဘူး အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်

| **ပစ္စည်းအမည်** | **အရေအတွက်** |
|---|---|
| 1oz Plastic Bottle with Cap | ၃,၇၀၀,၀၀၀ ဘူး |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - (၂၃. ၁. ၂၀၁၇) မွန်းလွဲ (၄း၀၀) နာရီ

၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ (အင်းစိန်)

၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဉက္ကဋ္ဌ၊ ဈေးနှုန်းစိစစ်ရေးကော်မတီ
ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။

၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)**
**ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန**
**နေပြည်တော်။**
**ဖုန်း- ၀၆၇-၄၀၈၃၈၈**

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## Sticker Label for Ceftriaxone Vials နှင့်
## Cefotaxime Vials အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်

| **စဉ်** | **ပစ္စည်းအမည်** | **အရေအတွက်** |
|---|---|---|
| (က) | Sticker Label for Ceftriaxone Vials<br>size (9×3) cm, 4 colour, Roll Type | ၁,၂၀၀,၀၀၀ ခု |
| (ခ) | Sticker Label for Cefotaxime Vials<br>size (9×3) cm, 4 colour, Roll Type | ၂၀၀,၀၀၀ ခု |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - (၁၆. ၁. ၂၀၁၇) မွန်းလွဲ (၄း၀၀) နာရီ

၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ (အင်းစိန်)

၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဉက္ကဋ္ဌ၊ ဈေးနှုန်းစိစစ်ရေးကော်မတီ
ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။

၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)**
**ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန**
**နေပြည်တော်။ ဖုန်း- ၀၆၇-၄၀၈၃၈၈**